မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၂)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# ကတိသစ္စာပြု လက်မှတ်ရေးထိုးခြင်းနှင့် မေးခွန်းများ မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၇၇)ဦးတို့ တက်ရောက်ကြသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ မေးခွန်း (၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ် (၁)ခုတင်သွင်းခြင်းနှင့် လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်းကဏ္ဍ**၌ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈(ခ)အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀)တို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

**မေးခွန်းများမေးမြန်းခြင်းကဏ္ဍ**၌ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ **ယာဉ်ကြီး/ယာဉ်ငယ် ထိခိုက်မှုပြဿနာများအား ဥပဒေနှင့် အညီဖြစ်စေရန် သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများက မည်သို့ ကြပ်မတ်ပြုပြင်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က အကြောင်းအမျိုးမျိုးကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပြီး အဆိုပါဥပဒေများတွင် ယာဉ်မတော်တဆဖြစ်ပွားမှုများအပေါ် ယာဉ်ကြီး/ယာဉ်ငယ်ခွဲခြား၍ အပြစ်ပေးအရေးယူရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုများအား အပြစ်ပေးအရေးယူခြင်းဆိုသည်မှာလည်း ၎င်းမော်တော်ယာဉ်များအားမောင်းနှင်သည့် ယာဉ်မောင်းသူများအနက် စည်းကမ်းဖောက်ဖျက်သည့် မှားယွင်းသောယာဉ်မောင်းသူအား အပြစ်ပေးအရေးယူခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယာဉ်တိုက်မှုဆိုင်ရာပြဿနာများအား ဥပဒေနှင့်အညီဖြစ်စေရန်မှာ မော်တော်ယာဉ်ဥပဒေများတွင် ယာဉ်ကြီး/ယာဉ်ငယ်ဟူ၍ ခွဲခြားသတ်မှတ်ပြဋ္ဌာန်းအရေးယူရမည်မဟုတ်ဘဲ ယာဉ်ကြီးဖြစ်စေ၊ ယာဉ်ငယ်ဖြစ်စေ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ စုံစမ်းစစ်ဆေး၍ စည်းကမ်းဖောက်ဖျက်သော/ပြစ်မှုကျူးလွန်သော ယာဉ်မောင်းသူကိုသာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **အိမ်ပွဲစား၊ မြေပွဲစား၊ အိမ်အရောင်းအဝယ်သမား နာမည်ခံအတုအယောင်တို့အား တားမြစ်သည့် ဥပဒေ ရှိ/မရှိ၊ တားမြစ်ဥပဒေရှိလျှင် အမြန်ဆုံးတားမြစ်ပေးပါရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ၂၀၁၁ ခုနှစ် စက်တင်ဘာတွင် ဒုတိယတရားမအယူခံ အမှုများကို အကျဉ်းချုံးပြီးပယ်သည့်ကိစ္စကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က မေးခွန်းတွင်ဖော်ပြသည့် အတုအယောင်ဆိုသူများမှာ ချေးငွေကိုအတိုးဖြင့် ကြိုတင်ထုတ်ချေးသည့် ငွေတိုးချစားသူများဖြစ်သည့်အတွက် ၎င်းတို့၏ တရားမဝင် ငွေတိုးချစားခြင်းနှင့် ပတ်သက်၍ ၁၉၄၅ ခုနှစ် ငွေတိုးချစားသူများအက်ဥပဒေပုဒ်မ ၁၆(၁)၊ ပုဒ်မ ၁၇ တို့အရ တိုင်တန်းတရားစွဲဆိုအရေးယူနိုင်ပါကြောင်း၊ ထို့ပြင် မည်သူမဆို မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်ခြင်းကြောင့် တစ်ဦးတစ်ယောက်တွင် ထိခိုက်နစ်နာပါက ပြစ်မှုဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များအရ တိုင်တန်းတရားစွဲဆိုအရေးယူနိုင်ပါကြောင်း။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလအတွင်းက ကြားနာခဲ့သည့် တရားမဒုတိယအယူခံမှု (၆၄)မှုရှိပြီး အကျဉ်းနည်းဖြင့်ပလပ်ခဲ့သည့်အမှု (၂၇)မှု ရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံမှုများကို ကြားနာရာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၉ အရ လက်ခံကြားနာခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ အယူခံလွှာတွင်အရေးယူလောက်သော ဥပဒေကြောင်းဆိုင်ရာပေါ်ပေါက်ကြောင်း မတွေ့ရှိရသည့်အမှုများအား လက်ခံကြားနာခြင်းမပြုတော့ဘဲ အကျဉ်းနည်းအားဖြင့်ပယ်သည့် အမိန့်ချမှတ်ပါကြောင်း၊ အကျဉ်းနည်း ပယ်ခဲ့သည့် တရားမအယူခံမှုများမှာ ယင်းသို့ အရေးယူလောက်သော ဥပဒေပြဿနာပေါ်ပေါက်ခြင်းမရှိသော အမှုများဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခွင့်ပြုထားသောကျောင်းများ၏ ခွင့်ပြုငွေအား ကုမ္ပဏီများသို့ ဆောက်လုပ်ခွင့်ပြုထားသော ကျောင်းများကဲ့သို့ ခွင့်ပြုငွေကိုချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာတွင် အမှန်တကယ်ကုန်ကျငွေကိုသာ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပြည်သူများက ထည့်ဝင်၍ မတည်ထားသောတန်ဖိုးနှင့် ကျောင်းဆောင်ဟောင်းဖျက်သိမ်း၍ ဆောက်လုပ်ပါက ကျောင်းဆောင်ဟောင်းမှ ဆယ်တင်ပစ္စည်းများ ထည့်သွင်းအသုံးပြုနိုင်လျှင် ၎င်းပစ္စည်းများ၏ တန်ဖိုးတို့ကို နုတ်ပယ်၍သာ ခွဲဝေပေးခြင်းဖြစ်ပါကြောင်း၊ အဆိုပါတန်ဖိုးများကိုပါ ခွဲဝေပေးပါက အလွဲသုံးစားမှုများ ဖြစ်ပေါ်နိုင်သဖြင့် စိစစ်ခွဲဝေပေးခြင်းဖြစ်ပါကြောင်း၊ ပြည်သူထည့်ဝင်ငွေမရှိခြင်းနှင့် ဆယ်တင်ပစ္စည်းများ အသုံးပြုနိုင်ခြင်းမရှိမှသာ *စာမျက်နှာ ၈ ကော်လံ ၁* ◆

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

မက္ကဆီကိုနိုင်ငံ ကမ်းလွန်၌ ပေါင် ၂၀၀၀ ခန့်ရှိ ငါးမန်းဖြူကြီးဖမ်းမိ (စာ - ၄)





ရွှေရောင်ခြယ်သော မဟူရာတောက်တဲ့မျိုးစိတ်သစ် ပါပူဝါနယူးဂီနီ အပူပိုင်းသစ်တောအတွင်း၌တွေ့ရှိ (စာ - ၅)

စပိန်လာလီဂါပွဲစဉ်များ ဆက်လက်ကစား ဗလင်စီယာတို့အိမ်ကွင်း၌ လေးဂိုးသွင်းပြီး နိုင်ပွဲရ (စာ - ၁၁)





ပရီမီယာလိဂ် အကောင်းဆုံးဘောလုံးသမားဆု အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီဆွတ်ခူး (စာ - ၁၁)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Beat Nobs ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Beat Nobs ဦးဆောင်သော အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် လွှတ်တော်ရေးရာကိစ္စရပ်များ၊ မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံချစ်ကြည်မှုတိုးတက်မြင့်မားရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့သည် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

## လက်ခံတွေ့ဆုံ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Beat Nobs ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)



# ဒုတိယဝန်ကြီး ဦးကျော်လွင် တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဧပြီ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ငမိုးရိပ်တံတား (ပါရမီ) ကွဲခိုင်မှုနှင့်ပြုပြင်ထိန်းသိမ်းရမည့်အပိုင်းများ၊ တွံတေးတံတားကွဲခိုင်မှုနှင့် ပျက်စီးမှုများအားပြုပြင်ထိန်းသိမ်းနေမှုများ၊ ဆိပ်ကြီးခနောင်တို ကြိုးတံတား တည်ဆောက်နေမှုများနှင့် တံတားချဉ်းကပ်လမ်း မြေသားတာပေါင်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပေးအပ်လှူဒါန်း

**ဒလမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူတို့ပူးပေါင်း၍ အသက် ၈၀နှင့်အထက် ဘိုးဘွားသက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က သီရိဇေယျာအနော်ရထာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းမိသားစုက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။** (မြန်မာ့အလင်း)



## မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

**ညပိုင်း**

- ၃း၁၅ **AFC Cup 2012 Group Stage** ဘောလုံးပြိုင်ပွဲ **တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရောဝတီယူနိုက်တက်အသင်း (မြန်မာ)နှင့် Arema အသင်း(အင်ဒိုနီးရှား))**
- ၅း၃၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၂၂)
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ

## MRTV-4

၂၄-၄-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ **အမြင်မှားတဲ့ဘေးကို အမြင်မှန်နဲ့သိမ်းပါ** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၆း၄၀ MRTV- 4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁)
- ၇း၃၀ MRTV- 4 သတင်း
- ၈း၀၀ MRTV- 4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၁၅)
- ၁၀း၀၅ MRTV- 4ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း-၂၁)
- ၂း၀၀ MRTV- 4 သတင်း
- ၂း၄၀ MRTV- 4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး**(အပိုင်း-၁)
- ၃း၃၅ MRTV- 4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၁၅)
- ၆း၀၀ MRTV-4 သတင်း
- ၆း၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂)
- ၁၀း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း-၂၂)
- ၃း၅၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)

# ရတနာအလင်းရောင်စာကြည့်တိုက် ကြည့်မြင်တိုင်မြို့နယ်၌ဖွင့်

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းရပ်ကွက်၌ ဧပြီ ၈ ရက် နံနက်က ရတနာအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အလတ်ချောင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်စိုးက စာကြည့်တိုက် ဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်၊ စာကြည့်တိုက်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးအောင်သန်းဦးက စာအုပ်စာစောင်များ အလှူခံရရှိမှု၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက စာကြည့်တိုက်ရေရှည်တည်တံ့ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စာကြည့်တိုက်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (၀၄၂)**



**မြန်မာ့အလင်း**

**အယ်ဒီတာ့ အာဘော်**

(၂၀၁၂ ခုနှစ် ဧပြီ ၂၄ ရက်)

# ရေတွင်းရေကန်ရေနှင့် ကျန်းမာရေး

မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ ရေတွင်းရေကန်ရေများကို သောက်သုံးလျက်ရှိကြသည်။ အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများနှင့် မြို့ပြဆင်ခြေဖုံးနေပြည်သူများသည် ရေတွင်းရေကန်ရေများကို သောက်သုံးလျက်ရှိကြသည်။ တန်ခူးရေကုန် ကဆုန်ရေခန်းဆိုသည့်အတိုင်း ယခုအခါ ရေတွင်းရေကန်တို့၌ ရေများခန်းလာသည်ကို တွေ့ရသည်။ ရေကန်များအတွင်း ရေများနည်းလာခြင်းကြောင့် ရေ၏သန့်ရှင်းမှုအတိုင်းအတာပမာဏသည်လည်း နည်းလာ၏။

တွင်းရေသည် ကန်ရေနှင့်စာလျှင် သန့်ရှင်းမှုပို၏။ ခပ်ယူအသုံးပြုပုံမှာလည်းကွာ၏။ တွင်းရေကို ရေပုံးများဖြင့် ခပ်ကြ၍ ပိုသန့်၏။ ကန်ရေသုံးသူများမှာ ထိုသို့မဟုတ်။ ကန်များအတွင်း လူကိုယ်တိုင်ဆင်း၍ ခပ်ကြ၏။ ဤသို့ခပ်ကြသဖြင့် လူ၏ခန္ဓာကိုယ်မှ အညစ်အကြေးနှင့်ပိုးမွှားများ ရေကန်အတွင်း ကျရောက်နိုင်၏။ ရေတွင်းရေကန်ရေများသည် မိုးကာလရေများသည့်အချိန်တွင် ပြဿနာမရှိသော်လည်း ရေနည်းချိန် နွေအခါ၌ ရောဂါပိုးများကျရောက်လျှင် လူအများသို့ ရောဂါများကူးစက်တတ်ပါသည်။

နွေ၏အပူချိန်မြင့်မားလာချိန်တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ဖြစ်ပွားတတ်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် စနစ်တကျကုသနိုင်ခြင်းမရှိလျှင် အသက်အန္တရာယ်ရှိသည်။ ရောဂါဖြစ်ပွားနေသူတစ်ဦးတစ်ယောက်သည် ရေတွင်းရေကန်တို့၌ ရေခပ်ရာမှ ရောဂါပိုးများ ပျံ့နှံ့နိုင်သည်။ ရေကန်အများစုမှာ ခြံခတ်ထားခြင်းမရှိပါ။ အချို့သောကလေးများမှာ ရေကန်များအနီး အညစ်အကြေးစွန့်တတ်ကြသည်။ ဤနည်းဖြင့်လည်း ရောဂါပိုးများ ရေကန်အတွင်း ပျံ့နှံ့ရောက်ရှိနိုင်သည်။ ရေတွင်းရေကန်များအနီးအညစ်အကြေးစွန့်ခြင်းကို လုံးဝရှောင်ကြဉ်သင့်ပါသည်။

"ဘယ်ကလာရောဂါဖြစ်ရမှာတုန်း…၊ ကျုပ်တို့တစ်ရွာလုံး ဒီကန်ရေသောက်နေကြတာ…၊ ဘာမှဖြစ်တယ်မကြားဖူးဘူး…၊ ရေဆိုတာ တစ်ပိသာရှိ သန့်တာပဲ" ဟူ၍ ပြောသူများလည်းရှိပေသည်။ မှန်ပါသည်။ ကန်ရေအတွင်း ကူးစက်ရောဂါပိုး ပျံ့နှံ့ရောက်ရှိခြင်းမရှိလျှင် ဘာမျှမဖြစ်နိုင်ပါ။ အကယ်၍ ရေနည်းနေချိန် ဝမ်းရောဂါကဲ့သို့ ကူးစက်ပိုးများရောက်ရှိနေလျှင် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသည်။ ကာလဝမ်းရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ကူးစက်မှုအဖြစ်နိုင်ဆုံးနည်းလမ်းမှာ သောက်သုံးရေနှင့် အစားအသောက်တို့မှဖြစ်ကြောင်း ဆရာဝန်များက မကြာခဏ ပြောဆိုလေ့ရှိသည်။

အကောင်းဆုံးကတော့ တွင်းရေကန်ရေတို့ကို သောက်သုံးကြသူများအနေဖြင့် စနစ်တကျ ရေကို ကျိုချက်၍ သောက်သုံးသင့်သည်။ ရေတွင်းရေကန်တို့၌ ရေသန့်ဆေးများထည့်၍ အသုံးပြုသင့်ပါသည်။ ရေတွင်းရေကန်တို့၌ ရေခပ်သည့်အခါ ဝမ်းရောဂါဖြစ်ပွားနေသူများ မခပ်သင့်ပါ။ အကယ်၍ ခပ်လျှင်လည်း ကိုယ်လက်တို့ကို အသေအချာဆေးကြောသန့်စင်သင့်ပါသည်။ ရေတွင်းရေကန်များအနီး အညစ်အကြေးစွန့်ခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။

သို့ဖြစ်ပါ၍ တွင်းရေကန်ရေသောက်သုံးကြသူများသည် ရှောင်ရန် ဆောင်ရန်များ သိရှိကြပြီး လိုက်နာကျင့်သုံးခြင်းဖြင့် ရောဂါကူးစက်မှုကို ကာကွယ်ရာရောက်ပါသည်။ ယခုကဲ့သို့ ရေတွင်းရေကန်များ၌ ရေများခန်းလာချိန်တွင် မလိုလားအပ်သောအနာရောဂါများ မဖြစ်ပွားစေရေးအတွက် သတိပြုဆင်ခြင်နိုင်ကြပါရန် အကြံပြုရေးသားလိုက်ရပါသည်။ ။

# စိတ်တူ ကိုယ်တူ၊ လုပ်ငန်းမျိုးတူများ စုစည်း၍ ဖွဲ့စည်းဆောင်ရွက် ကနဦးမတည်ငွေများကို သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးမည်

**နေပြည်တော် ဧပြီ ၂၃**

ကျေးလက် ပြည်သူများအနေဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန် အသင်းအစုအဖွဲ့ဆိုသည့် စုပေါင်းစွမ်းအားများကို ဖွံ့ဖြိုးလိုသည့် ရည်ရွယ်ချက်၊ ကြိုးစားဆောင်ရွက်လိုသည့် စိတ်ဓာတ်များဖြင့် မဖြစ်မနေကြိုးစားဆောင်ရွက်ပါက ကျေးရွာများ အမှန်တိုးတက်လာမည်ဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စု စမတောင်အနီးရှိ ကျေးရွာ ၂၀မှ ကျေးရွာသူ ကျေးရွာသား ၈၅၀ ခန့်အား တွေ့ဆုံရာ၌ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးရာတွင် သာဝတ္ထိကျေးရွာအုပ်စု အတွင်းရှိ စမတောင်တော်တစ်ဝိုက်မှ ကျေးရွာများသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးကြားတွင် ရှိနေသော်လည်း ကျေးရွာချင်းဆက်လမ်းများ ဆက်သွယ်မှုအခက်အခဲကြောင့် ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် တစ်ဦးချင်း ဝင်ငွေ တိုးတက်ရရှိစေရန် အလုပ်အကိုင် ဖန်တီးနိုင်မှုနှင့် အရင်းအနှီးများလိုအပ်ချက်ရှိမည်ဖြစ်ကြောင်း၊ အရင်းအနှီး လိုအပ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် သမဝါယမအသင်းများနှင့်မွေးမြူရေးမျိုးတူစု၊ အစုအဖွဲ့များအား စိတ်တူ၊ ကိုယ်တူ၊ လုပ်ငန်းမျိုးတူများ စုစည်း၍ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခက်အခဲမရှိစေရေးအတွက် ကနဦး မတည်ငွေများကို သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းမှ ရရှိသော ဝင်ငွေအပြင် အပိုဝင်ငွေရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို ကျေးရွာအရောက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သားငါးကုန်ထုတ်လုပ်မှုများတွင် တစ်ဦးချင်းစားသုံးမှုဖူလုံကြွယ်ဝလာမည့်အပြင် ဝင်ငွေတိုးတက်လာပြီး ဆင်းရဲမှုလျော့ကျလာကာ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းတို့က မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များသည် သာဝတ္ထိကျေးရွာအုပ်စု စမတောင်အနီး ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာသို့ သမဝါယမအသင်းများဖွဲ့စည်းခြင်း၊ ကျေးရွာသူ ကျေးရွာသားများဆန္ဒဖြင့် မွေးမြူလိုသည့်တိရစ္ဆာန်များ စာရင်းကောက်ယူ၍ ကျေးရွာအရောက်ပို့ဆောင်မည့် အစီအစဉ်များ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ လယ်ဝေးမြို့နယ် စမတောင်အနီးပတ်ဝန်းကျင်မှ သာဝတ္ထိ၊ ညောင်ပင်အိုင်၊ သပြေကုန်း၊ ပြောင်ခေါင်းလေး၊ ညောင်ပင်သာ၊ တည်တောင်၊ ဥသျှစ်ကုန်း၊ စမ်းကြီး၊ အင်တောသာ၊ ကြံဖိုစု၊ သရက်ကုန်း၊ ရသေ့ချောင်၊ စည်ပင်သာ၊ လက်ပံတန်း၊ တောင်နီ၊ လယ်သာအေး၊ အင်ပင်၊ ဦးနီတဲစု၊ ရေကျော်၊ ရေနီလေး စုစုပေါင်းကျေးရွာ ၂၀မှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစီးသော ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့သည် နေပြည်တော်(ပျဉ်းမနား) ကံဦးအုပ်စု သပြေလှကျေးရွာ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာသူ ကျေးရွာသား ၁၀၀ခန့်နှင့် တွေ့ဆုံ၍ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှင်းလင်းပြောကြား**

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စု စမတောင်အနီးရှိ ကျေးရွာ ၂၀ မှ ကျေးရွာသူ ကျေးရွာသားများအား ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)





## ဒုတိယဝန်ကြီး ဦးဘရွှေအား အစ္စရေးသံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr.Yaron Mayer နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး အစ္စရေးနိုင်ငံနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များအကြား အဆင့်မြင့်ပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## အခွန်ဆိုင်ရာကိစ္စရပ်များ ဘားအံ၌ ရှင်းလင်း

**ဘားအံ ဧပြီ ၂၃**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာများနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာကိစ္စရပ်များရှင်းလင်းပွဲကို ပြည်တွင်းအခွန်များဦးစီးဌာန ကရင်ပြည်နယ် ဘားအံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဧပြီ ၆ ရက်ကကျင်းပရာ ရှင်းလင်းပွဲတွင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး အခွန်ဆိုင်ရာကိစ္စရပ်များကို ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

အဆိုပါ အခွန်ဆိုင်ရာကိစ္စရပ်များရှင်းလင်းပွဲသို့ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ဝင်း၊ ဘားအံမြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဘားအံမြို့ပေါ်ရှိ လုပ်ငန်းရှင်အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်အခွန်ဦးစီးဌာန)**



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၄-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

**ညပိုင်း**

| | |
|---|---|
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၁၀၀) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သူရဲကောင်းလေး ကျွန်မချစ်သူ** (အပိုင်း-၁၅) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ်လူချောလေးရဲ့ ဒုတိယအစီအစဉ်** (အပိုင်း-၁၅) |

**မော်လမြိုင်ကျွန်း ဧပြီ ၂၃**

မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက် မဟာစည်သာသနာ့ရိပ်သာက ကြီးမှူးကျင်းပသော (၃၅)ကြိမ်မြောက် မဟာသတိပဋ္ဌာန်အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းနှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲကို ဧပြီ ၁၂ ရက် ညနေ ၃ နာရီက မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက် မဟာစည်သာသနာ့ရိပ်သာရှေ့ မျက်နှာစာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ ဘုရားကြီးတိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာလှဟန်နှင့် ဟိတကာရီ အမျိုးသမီးယောဂီအသင်းဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ကျင်းပ**

အဆိုပါ မဟာသတိပဋ္ဌာန် ခုနစ်ရက်တရားစခန်းတွင် ရဟန်း၊ ယောဂီ ၂၅၀ တို့ တရားစခန်းဝင်ရောက်၍ ဒုလ္လဘရဟန်း ၆၅ ပါးနှင့် သာမဏေ ၁၇ ပါး တို့အား စုပေါင်းရဟန်းခံရှင်ပြုပွဲကျင်းပခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

## မော်ကျွန်း၌ စုပေါင်းရဟန်းခံရှင်ပြု





## အင်းစိန်မြို့နယ်၌ သက်ကြီးပူဇော်ပွဲကျင်းပ

**အင်းစိန် ဧပြီ ၂၃**

အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်းမကြီးတွင် ဧပြီ ၁၇ ရက် နံနက် ၉ နာရီက (၄၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပရာ အဘိုးအဘွား ၇၀ တို့အား ငွေသားနှင့် လှူဖွယ်ပစ္စည်းတို့ကို ရွာမအရှေ့အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက လှူဒါန်းခဲ့ပြီး **(ယာပုံ)**စတုဒိသာများနှင့် ကျွေးမွေးညှော်ခံခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- **သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။**
- **သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါလျှင် သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။**
- **မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။**

မိုးမြင့်လင်းလက် - စုစည်းသည်

# မက္ကဆီကိုနိုင်ငံ ကမ်းလွန်၌ ပေါင် ၂၀၀၀ ခန့်ရှိ ငါးမန်းဖြူကြီးဖမ်းမိ

**မက္ကဆီကိုစီးတီး ဧပြီ ၂၃**

မက္ကဆီကိုနိုင်ငံ ကော်တက်စ်မြို့ကမ်းလွန်တွင် ဧပြီ ၂၂ ရက်က ငါးဖမ်းသမားနှစ်ဦးသည် အရှည်ပေ ၂၀ ခန့်ရှိသော ငါးမန်းဖြူကြီးတစ်ကောင်ဖမ်းဆီးမိခဲ့ကြောင်း ဧပြီ ၂၃ ရက်တွင် မက္ကဆီကိုအရာရှိများက သတင်းထုတ်ပြန်သည်။

**အကြီးဆုံး**

ဂွါဒါလူပီနှင့် ဘာလ်တာဇာအမည်ရှိ ငါးဖမ်းသမားနှစ်ဦးတို့ ယင်းနေ့က ကမ်းခြေမှ နှစ်မိုင်ခန့်အကွာ၌ ငါးဖမ်းနေကြစဉ် အဆိုပါ ငါးမန်းဖြူကြီးကို ဖမ်းမိခဲ့ကြခြင်းဖြစ်သည်။ ၎င်းငါးမန်းဖြူကြီးသည် အလေးချိန်ပေါင် ၂၀၀၀ ခန့်ရှိရာ ဖမ်းဆီးရမိသမျှ ငါးမန်းဖြူများတွင် အကြီးဆုံးဖြစ်သည်။ **(အောက်ပုံ)**

ယင်းငါးမန်းဖြူကြီးကို ကမ်းခြေပေါ်သို့ရောက်ရှိရန် လူ ၅၀ ခန့်တို့က ဝိုင်းဝန်းကူညီသယ်မပေးခဲ့ကြသည်။

**သုတေသနပြု**

ယခုနှစ်ပြီးခဲ့သည့် မတ် ၁၃ ရက်က အခြားငါးဖမ်းသမားများ ဖမ်းဆီးရမိခဲ့သော ငါးမန်းဖြူတစ်ကောင်မှာ အလေးချိန်ပေါင် ၉၉၀ ခန့်သာရှိသည်။ အဆိုပါငါးမန်းဖြူကြီး၏ တစ်သျှူးအပိုင်းအစများကိုယူကာ သုတေသနပညာရှင်များက လေ့လာသုတေသနပြုကြမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



# ရုရှားအာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မိ



**မော်စကို ဧပြီ ၂၃**

ရုရှားနိုင်ငံက လွှတ်တင်ခဲ့သော ပရိုဂရက်စ် အမ်-၁၅ အမ်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်မိခဲ့ပြီဖြစ်ကြောင်း ဧပြီ ၂၃ ရက်က ရုရှားမြေပြင်ထိန်းချုပ်ရေးစခန်းမှ သတင်းထုတ်ပြန်သည်။

**သယ်ဆောင်သွား**

အဆိုပါ ရုရှားအာကာသကုန်တင်ယာဉ် (ဝဲပုံ) ကို ကာဇက်စတန်ရှိ ဘိုင်ကူနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဧပြီ ၂၀ ရက်က ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းအာကာသကုန်တင်ယာဉ်တွင် လောင်စာဆီ၊ အစားအစာနှင့် ရေတို့အပါအဝင် ကုန်တန်ချိန် ၂ ဒသမ ၃၅ တန်ကို သယ်ဆောင်သွားခဲ့သည်။

နိုင်ငံတကာအာကာသယာဉ်စခန်းသည် မြေပြင်မှ မိုင် ၂၂၀ ခန့်အကွာတွင်တည်ရှိပြီး အာကာသရေးရာများကို အာကာသယာဉ်မှူးက သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်သည်။

နိုင်ငံတကာအာကာသယာဉ်စခန်းတွင် လက်ရှိအချိန်၌ အာကာသယာဉ်မှူးခြောက်ဦးနေထိုင်လုပ်ကိုင်လျက်ရှိရာ ၎င်းတို့မှာ ရုရှားအာကာသယာဉ်မှူးများဖြစ်သည့် အိုလက်ကိုနိုနင်ကို၊ အင်တန်ရှကာပလီရော့ဗ်နှင့် အနာတိုလီအိုင်ဗင်နီရှန်၊ အမေရိကန်အာကာသယာဉ်မှူးများဖြစ်သည့် ဒန်ဘာဘန့်၊ ဒန်ပက်တစ်နှင့် နယ်သာလန်နိုင်ငံမှ အာကာသယာဉ်မှူး အင်ဒရီကီပါရက်စ်တို့ဖြစ်ကြသည်။ **(အင်တာနက်)**

# ကမ္ဘာကျော်ပန်းချီဆရာ လီယိုနာဒိုဒါဗင်ချီ၏ ကောက်ကြောင်းပန်းချီလက်ရာများ စာအုပ်ပြသမည်



**လန်ဒန် ဧပြီ ၂၃**

ပန်းချီကျော်လီယိုနာဒိုဒါဗင်ချီ၏ လူ့ခန္ဓာကိုယ်နောက်ခံကောက်ကြောင်းများကို ရေးဆွဲထားသည့် ပန်းချီလက်ရာများကို စုစည်းထားသည့်စာအုပ် **(ယာပုံ)**ကို အများပြည်သူများအား ပထမဆုံးအကြိမ် ပြသမည်ဖြစ်ကြောင်း ဧပြီ ၂၃ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါပန်းချီစာအုပ်ကို ဗြိတိန်နိုင်ငံ ဘာကင်ဟမ်နန်းတော်၏ ဘုရင်မပန်းချီပြခန်း၌ လာမည့် မေလတွင် ပြသထားမည်ဖြစ်သည်။ ထိုသို့ပြသရာတွင် ၁၉၀၀ ပြည့်နှစ်မတိုင်မီက ပန်းချီကျော်များရေးဆွဲခဲ့သော ပန်းချီလက်ရာများကိုလည်း ပြသပေးထားမည်ဖြစ်သည်။

လီယိုနာဒိုဒါဗင်ချီပန်းချီလက်ရာများမှာ လူသားတစ်ဦး၏အရိုးများ၊ ကြွက်သားများ၊ လေပြွန်နှင့် သွေးကြောများ၊ ဦးနှောက်နှင့်နှလုံးတို့၏အနေအထားများဖွဲ့စည်းမှုကို အသေးစိတ်ရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းပန်းချီလက်ရာများကြောင့် ယခုခေတ်ပန်းချီဆရာများအတွက် အံ့သြစရာဖြစ်စေမည်ဟု ပန်းချီပြပွဲစီစဉ်သူ မာတင်ကလေတန်က ပြောကြားသည်။

ပန်းချီကျော်လီယိုနာဒိုဒါဗင်ချီသည် ၁၅၁၉ ခုနှစ်က သေဆုံးခဲ့ရာ သူမသေဆုံးမီကပင် လူသားတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ အသေးစိတ်ကို ကောက်ကြောင်း ပန်းချီရေးဆွဲကာ နောက်ပိုင်းမျိုးဆက်သစ် ပန်းချီဆရာများအား သိစေခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



# ပီကေကေလက်နက်ချရန် တူရကီဝန်ကြီးချုပ်တိုက်တွန်း

**အင်ကာရာ ဧပြီ ၂၃**



အကယ်၍ ကာဒစ္စတန်အလုပ်သမားပါတီ(ပီကေကေ)အကြမ်းဖက်အုပ်စုက လက်နက်ချလျှင် တူရကီနိုင်ငံက ၎င်း၏စစ်ဆင်ရေးများ ရပ်ဆိုင်းရန် အသင့်ရှိသည်ဟု ကြေညာသည်။

**ပြောကြား**

ခွဲထွက်ရေးအကြမ်းဖက်အုပ်စုအနေဖြင့် လက်နက်ချရန် မိမိတို့ တောင်းဆိုကြောင်း၊ တူရကီနိုင်ငံ၏ ရပ်တည်ချက်သဘောထားမှာ ရှင်းလင်းပြတ်သားကြောင်း၊ သူတို့လက်နက်ချသည်နှင့်တစ်ပြိုင်နက် မိမိတို့ကလည်း စစ်ဆင်ရေးများကို လုံးဝရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် အာဒိုဂန် **(ယာပုံ)**က ပြောကြားလိုက်သည်။

အင်ကာရာ၌ သတင်းစာရှင်းလင်းပွဲကျင်းပစဉ် အီရတ်နိုင်ငံ ကာဒစ်ဒေသဆိုင်ရာ အစိုးရအဖွဲ့အကြီးအကဲ မာဆွတ်ဘာဇာနီက အလားတူတိုက်တွန်းသည့် တစ်ချိန်တည်းလိုပင် တူရကီဝန်ကြီးချုပ် အာဒိုဂန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းလည်း ဖြစ်သည်။

ပီကေကေအနေဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်ကိုလိုက်ရန် မာဆွတ်ဘာဇာနီက တိုက်တွန်းသည်။ **(အင်တာနက်)**

# ပါကစ္စတန်မိန်းကလေးစာသင်ကျောင်း အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီး



**အစ္စလမ္မာဘတ် ဧပြီ ၂၃**

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပထန်ပြည်နယ်အတွင်းမှ မိန်းကလေးမူလတန်းကျောင်း အဆောက်အအုံကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးလိုက်ကြောင်း ပရက်စ်တီဗွီ သတင်းတွင် ဖော်ပြထားသည်။

**ဖျက်ဆီးပစ်**

အစ္စလမ္မာဘတ်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၉၀ ခန့်အကွာ ဂန်ဒိုင်းဒေသရှိ အဆိုပါအစိုးရစာသင်ကျောင်းကို အကြမ်းဖက်သမားများက ဧပြီ ၂၁ ရက်တွင် ဗုံးခွဲဖျက်ဆီးပစ်လိုက်ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အကြမ်းဖက်သမားများက အဆောက်အအုံကို ဖောက်ခွဲဖျက်ဆီးပစ်စဉ်က စာသင်ချိန်မဟုတ်သည့်အတွက် ထိခိုက်ဒဏ်ရာရသေဆုံးမှုရှိသည်ဟု သတင်းမရရှိကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။

**စုံစမ်းစစ်ဆေး**

လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပြီးနောက်ပိုင်း ယင်းနေရာတစ်ဝိုက်ကို လုံခြုံရေးတင်းကျပ်စွာချကာ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၃-၄-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

### တရုတ်၌ ရှေးဟောင်းကျောက်ထွင်းပန်းချီကားများတွေ့ရှိ

*တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀ ခန့်က ကျောက်ထွင်းပန်းချီကားချပ် ၁၈ ချပ်ကို ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဧပြီ ၂၃ ရက်တွင် ဒေသဆိုင်ရာအရာရှိတစ်ဦးက ပြောကြားသည်။*

*အဆိုပါပန်းချီကားများကို အတွင်းမွန်ဂိုလီးယားဒေသအတွင်းရှိ ယင်ရှန်းတောင်များမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဒေသ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာဌာနအကြီးအကဲ လီဆန်ဂျီးက ပြောကြားသည်။ ယင်းပန်းချီကားများသည် ကျောက်ပြားများပေါ်တွင် အနုပညာလက်ရာမြောက်စွာ သေသပ်လှပစွာ ရေးဆွဲထားခြင်းဖြစ်ပြီး ပန်းချီကားလက်ရာ **(အောက်ပုံ)**များမှာ အကောင်းပကတိ ရှိနေဆဲ ဖြစ်ကြောင်း၊*



*အဆိုပါ ပန်းချီကားများထဲမှ ခုနစ်ခု၏မျက်နှာပြင်မှာလွန်စွာကြီးမားကျယ်ပြန့်ကြောင်း၊ တူးဖော်တွေ့ရှိသည့်ပန်းချီကားများတွင် လက်ရာအမြောက်ဆုံးပန်းချီကားများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။*

### အင်ဒိုနီးရှား၌ ကူးတို့လှေတိမ်းမှောက်

***အင်ဒိုနီးရှားနိုင်ငံတွင် ဧပြီ ၂၀ ရက် ညက ကူးတို့လှေတစ်စင်းတိမ်းမှောက်မှုဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားအာဏာပိုင်များက အရှေ့အလယ်ပိုင်းဒေသမှ တရားမဝင်ခိုလှုံဝင်ရောက်ရန် ကြိုးပမ်းသူ ၇၀ ကျော်အား ထိန်းသိမ်းထားလိုက်ကြောင်း ဒေသဆိုင်ရာအရာရှိများက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။ အဆိုပါ ကူးတို့လှေသည် ကံမကောင်းအကြောင်းမလှစွာဖြင့် အင်ဂျင်ချွတ်ယွင်းပြီးနောက် ရေပြင်တွင် နှစ်ရက်ကြာ အင်အားပြင်းထန်သည့်ရေလှိုင်းများ၏ဒဏ်ကို အလူးအလဲခံခဲ့ရသည်။ ယင်းနေ့ညနောင်းပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအရှေ့ဘက်ကမ်းခြေရှိ ဝိုနိုဂီရိကမ်းခြေမှ လူဒါဇင်ပေါင်းများစွာ ရေနောက်မျောပါလာပြီး နိုင်ငံအတွင်း ဝင်ရောက်လာဟန်ရှိကြောင်း ၎င်းအရာရှိများက ပြောကြားသည်။ သို့သော် ရေနစ်ပျောက်ဆုံးနေသူများ ဆက်လက်ရှိနိုင်သေးသည်ဟု ယုံကြည်ကြောင်း ရဲတပ်ဖွဲ့အရာရှိ ရင်တိုဒီဂျက်ဖိုနိုက ပြောကြားခဲ့သည်။*** *(အင်တာနက်)*

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

# တရုတ်မှ ကမ္ဘာ့အမြန်ဆုံး တန်ဟီ-၁ အေ စူပါကွန်ပျူတာ

**တီယန်ကျင်း ဧပြီ ၂၃**



တရုတ်နိုင်ငံ တီယန်ကျင်းမြို့ရှိ အမျိုးသားစူပါကွန်ပျူတာစင်တာတွင် အသုံးပြုမည့် တန်ဟီ-၁ အေ **(ယာပုံ)** အမည်ရှိ စူပါကွန်ပျူတာသည် ကမ္ဘာ့အမြန်ဆုံး စူပါကွန်ပျူတာတစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း ဧပြီ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

**ရောက်ရှိလာ**

၂၀၁၁ ခုနှစ် ဇွန်လက ဂျပန်နိုင်ငံတွင် ထုတ်လုပ်ခဲ့သော စူပါကွန်ပျူတာသည်လည်း ကမ္ဘာ့အမြန်ဆုံး စူပါကွန်ပျူတာတစ်ခုဖြစ်သော်လည်း တန်ဟီ-၁ အေ စူပါကွန်ပျူတာမှာ ကမ္ဘာ့အမြန်ဆုံးကွန်ပျူတာတစ်ခုအဖြစ် ရောက်ရှိလာပြီဖြစ်သည်။

ယင်းစူပါကွန်ပျူတာသည် ကမ္ဘာပေါ်တွင် သတင်းအချက်အလက် အမြန်ဆုံးထုတ်ပြန်ပေးနိုင်သည့် ကွန်ပျူတာအလုံးပေါင်း ၅၀၀ တွင် ထိပ်ဆုံး၌ ရပ်တည်နေပြီး အဆိုပါကွန်ပျူတာများထက် တစ်စက္ကန့်လျှင် ၂ ဒသမ ၅၇ ဆပိုမြန်သည်။

**ကြိုးစားသွားမည်**

တရုတ်နိုင်ငံအနေဖြင့် စူပါကွန်ပျူတာများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် ကြိုးစားသွားမည်ဟု တရုတ်အမျိုးသားကွန်ပျူတာစင်တာမှ အကြီးအကဲ လူဂန်မင်းက ပြောကြားသည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်နိုင်ငံ ဘတ်ချ်ပြည်နယ်တွင် ရေကြီး သေဆုံးသူ ၁၅ ဦးရှိပြီး အိမ်ခြေ ၃၀၀ ကျော်ပျက်စီး

**မာဇာအီရှာရိဖ် ဧပြီ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံ ဘတ်ချ်ပြည်နယ်အတွင်း မိုးများ အဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ထိုသဘာဝရေဘေးအတွင်း သေဆုံးသူဦးရေမှာ အတိအကျ ၁၅ ဦးရှိကြောင်း၊ အိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့ပြီဖြစ်ကြောင်း ဒေသတာဝန်ရှိသူများက ဧပြီ ၂၃ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**



**ပြောကြားခဲ့**

နိုင်ငံမြို့တော် ကဘူးလ်မြို့ မြောက်ဘက် ၃၀၅ ကီလိုမီတာအကွာရှိ ယင်းပြည်နယ်၏ ရှောဂါရာခရိုင်နှင့် ဂိုရှန်းဒါခရိုင်တို့တွင်နှစ်ရက် မိုးမစဲဘဲ သည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေကြီးမှုများ ဖြစ်ပေါ်ကာ လူ ၁၅ ဦး သေဆုံး၍ ဒဏ်ရာရသူများလည်း ရှိခဲ့ကြောင်း ပြည်နယ်ကောင်စီ ခေါင်းဆောင် မိုဟာမက် အက်ဖ်တယ် အက်ဒီအက်ဘ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

**ပြိုကျပျက်စီး**

ယင်းသဘာဝဘေးကြောင့် အဆိုပါခရိုင်နှစ်ခုတွင် ပြိုကျပျက်စီးခဲ့သော အိမ်ခြေပေါင်း ၃၀၀ ကျော်ရှိပြီး ထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သည့် အိမ်ခြေမှာ ၁၀၀၀ ထက်မနည်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ပျက်စီးခဲ့ရ**

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်ကာလများက မုတ်သုံမိုးများသည်းထန်စွာရွာသွန်း၍ ရေကြီးမှုများ နိုင်ငံအနှံ့အပြားတွင် ကြုံတွေ့ခဲ့ပြီး သေဆုံးသူ ၄၀ ရှိကာ ရာပေါင်းများစွာသော အိမ်ခြေများ ပျက်စီးခဲ့ရသည်။ **(အင်တာနက်)**

တိုး-စုစည်းရေးသားသည်

# ပီရူးနိုင်ငံ၌ အစာအဆိပ်သင့်မှုဖြစ်ပွား ရဲဝန်ထမ်း ၉၀ ကျော် ဆေးရုံတင်ပို့ခဲ့ရ

**မာဇူကို ဧပြီ ၂၃**

ပီရူးနိုင်ငံတွင်း တောတွင်းအခြေစိုက်ရဲစခန်းရှိ ရဲဝန်ထမ်း ၉၀ ထက်မနည်း အစာအဆိပ်သင့်မှုဖြစ်ပွားသဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၂၁ ရက်က ဖော်ပြသည်။

တယ်ဘိုပါကာပြည်နယ် မာဇူကိုရဲအခြေစိုက်စခန်းရှိ ရဲဝန်ထမ်းများသည် ကြက်သားချဉ်စပ် စားသုံးကြပြီးနောက် ပိုင်း အဖျားတက်လာခြင်း၊ ပျို့အန်ခြင်းနှင့် အစာအိမ်အောင့်ခြင်းများ ခံစားခဲ့ရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာကပြောကြားသည်။ အဆိုပါ အစာအဆိပ်သင့်စေသည့် ကြက်သားချဉ်စပ်ဟင်းလျာချက်ပြုတ်ပေးပို့သူများကို မေးမြန်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းတွင် ဆက်လက် ဖော်ပြသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည့် ယင်းတောတွင်းအခြေစိုက်ရဲစခန်းကို မာဒါရီဒီဒိုင်အိုနယ်မြေအတွင်း မှောင်ခိုရွှေတူးယူမှုများ နှိမ်နင်းရေးအတွက် တပ်ဖြန့်ချထားခြင်းဖြစ်သည်။

စခန်းအတွင်း အစာအဆိပ်သင့်သဖြင့် ဆေးဝါးကုသမှုခံယူရသည့် ရဲဝန်ထမ်းပေါင်း ၁၅၀ ရှိကြောင်း၊ သို့သော်လည်း စခန်းတွင် ဆေးဝါးပစ္စည်းမပြည့်စုံသဖြင့် ယင်းတို့အထဲမှဝေဒနာခံစားနေရသူ ၉၀ကျော်ခန့်ကို ဆေးရုံသို့ပို့ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**



# အတွင်းမွန်ဂိုလီးယား၌ ကျောက်မီးသွေးမိုင်းတွင်းပေါက်ကွဲ လေးဦးသေဆုံး၊ ငါးဦးပျောက်ဆုံးလျက်ရှိ

**ဟိုးဟော ဧပြီ ၂၃**

တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းမွန်ဂိုလီးယားဒေသရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်းတွင် ပေါက်ကွဲမှုဖြစ်၍ သေဆုံးသူလေးဦးရှိခဲ့ကြောင်း၊ ငါးဦးကိုရှာမတွေ့သေးကြောင်း အာဏာပိုင်များက ဧပြီ ၂၃ ရက်တွင် ပြောကြားသည်။

ဘာယန်းနာမြို့အနီးရှိ ကျန်ယာကျောက်မီးသွေးထုတ်လုပ်ရေးကုမ္ပဏီပိုင် မိုင်းတွင်း၌ ဧပြီ ၂၃ ရက် နံနက် ၃ နာရီဝန်းကျင်က ပေါက်ကွဲမှုဖြစ်ပွားကြောင်း အတွင်းမွန်ဂိုလီးယား အလုပ်သမားများ ဘေးကင်းရေးကြီးကြပ်မှုဗျူရိုက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

မိုင်းတွင်းဥမင်လိုဏ်အတွင်း ပလက်ဖောင်းတူးဖော်ရာနေရာတွင် ဓာတ်ငွေ့ယိုစိမ့်ရာမှ ပေါက်ကွဲမှုဖြစ်ပွားဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ရာမိုင်းတွင်းသို့ ကယ်ဆယ်ရေးအဖွဲ့များရောက်ရှိပြီး ပျောက်ဆုံးမိုင်းလုပ်သားများ ပြန်တွေ့နိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်ခဲ့ရသည့်အကြောင်းရင်းကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

တမ္ဘာတစ်လွှား ဆန်းပြားသတ္တမျိုးစိတ်များ တမ္ဘာတစ်လွှား ဆန်းပြားသတ္တမျိုးစိတ်များ တမ္ဘာတစ်လွှား ဆန်းပြားသတ္တမျိုးစိတ်များ

ဇော်ဦးခိုင် - ရေးသားသည်

# ခရမ်းရောင်ကဏန်းမျိုးစိတ်များ ဖိလစ်ပိုင်တွင်တွေ့ရှိ

**မနီလာ ဧပြီ ၂၃**



ခရမ်းရောင်တောက်တောက်အရောင်အဆင်းရှိ ရေချိုကဏန်းမျိုးစိတ်သစ်လေးမျိုးကို ဖိလစ်ပိုင်နိုင်ငံအတွင်း တွေ့ရှိထားကြောင်း ဧပြီ ၂၂ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါ ခရမ်းရောင်ကဏန်းများသည် မြစ်ချောင်းအတွင်း ကျောက်တုံး ကျောက်ခဲများနှင့် သစ်မြစ်ဆုံများအောက်တွင် မြေတွင်းတူးကာ နေထိုင်တတ်ကြပြီး အပင်သေများ၊ သစ်သီးဝလံများ၊ အသေကောင်ပုပ်နှင့် တိရစ္ဆာန်ငယ်လေးများကို စားသောက်တတ်ကြကြောင်း ဂျာမနီနိုင်ငံ ဆန်စေးကန်ဘတ်ချ် သတ္တဗေဒပြတိုက်မှ တာဝန်ရှိသူ ဟန်းဒရစ်ချ်ဖရီတေ့ချ်ကပြောကြားသည်။ "ရေနေကဏန်းသတ္တဝါတွေဟာ အရောင်ပြောင်းလဲနိုင်တယ်လို့ သိရပါတယ်။ ဒါကြောင့် သဘာဝအမူအကျင့်များအတွက် အရောင်ပြောင်းလဲခဲ့ခြင်းလည်း ဖြစ်ပုံရပါတယ်။ ဥပမာ မိတ်လိုက်ခြင်းလိုပေါ့"ဟု ဟန်းဒရစ်က ဆက်လက်ပြောကြားသည်။

**ဖမ်းယူနိုင်ရေးခက်ခဲ**

ယခုခရမ်းရောင်ကဏန်းမျိုးစိတ်များတွေ့ရှိခြင်းသည် ဇီဝဗေဒဘာသာရပ်အတွက် ထူးထွေဆန်းပြားသော်လည်း ၎င်းတို့ကျင်လည်ကျက်စားမှုပုံစံအရ ဖမ်းယူနိုင်ရေးခက်ခဲသဖြင့် ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးအလားအလာအတွက် စိုးရိမ်မှုတစ်ရပ်ဟုလည်း ယူဆသူတချို့ရှိနေသည်။ **(အင်တာနက်)**

# ရွှေရောင်ခြယ်သော မဟူရာတောက်တဲ့မျိုးစိတ်သစ် ပါပူဝါနယူးဂီနီ အပူပိုင်းသစ်တောအတွင်း၌ တွေ့ရှိ

**ဂျကာတာ ဧပြီ ၂၃**

ရွှေနှင့်မဟူရာစပ်ခြယ်ထားသော အရောင်အသွေးရှိသည့် တောက်တဲ့မျိုးစိတ်သစ်ကို ပါပူဝါနယူးဂီနီတောအုပ်တွင်း၌ တွေ့ရှိသည်။ ပိတုန်းတစ်ကောင်ကဲ့သို့ပင် အနက်ရောင်ရှိပြီး ရွှေရောင်အကွက်များ ရောယှက်ပါဝင်သော ယခုတောက်တဲ့မျိုးစိတ်သစ်တွင် ရှည်လျားသေးသွယ်သော ခြေချောင်းများပါရှိသည်။ ပါပူဝါနယူးဂီနီရှိ အပူပိုင်းသစ်တောအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိမြေကမ္ဘာ တိုင်းတာဆန်းစစ်ရေးစခန်း (USGS) က ပြောကြားသည်။

**ကိုယ်ရောင်ဖျောက်ထားနိုင်**

ခေါင်းဖျားမှအမြီးအထိ ငါးလက်မရှည်သော အဆိုပါတောက်တဲ့**(ယာပုံ)**၏ ကိုယ်အရေပြားမှာ အဖုအထစ်များ အစီလိုက်အတန်းလိုက်ရှိကာ တောအုပ်မြေကြီးပေါ်တွင် အလွယ်တကူမတွေ့ရှိနိုင်ဘဲ ကိုယ်ရောင်ဖျောက်ထားနိုင်သည်။

ယခုတောက်တဲ့မျိုးစိတ်သည် သေးသွယ်သော ခြေလက်အင်္ဂါများရှိသည့် တောက်တဲ့မျိုးအုပ်စုဝင်ဖြစ်ပြီး အိမ်ရာအဆောက်အအုံများတွင် ခိုအောင်းနေထိုင်ကြသော တောက်တဲ့များကဲ့သို့ နံရံတွင် တွယ်ကပ်တက်ရောက်နိုင်သည့် ခြေဖဝါးမျိုးမပါရှိသော တောက်တဲ့မျိုးစိတ်ဖြစ်ကြောင်း (USGS) မှ အဖွဲ့ဝင်လည်းဖြစ်သူ ဇီဝဗေဒပညာရှင် ရောဘတ်ဖစ်ရှာပြောကြားသည်။

"ထူးခြားဆန်းပြားတဲ့ အသွေးအရောင်ရှိလို့ ယခုတောက်တဲ့မျိုးစိတ်ကို Nantus Kunan ဆိုပြီး မှတ်တမ်းတင်အမည်ပေးထားပါတယ်။ Kunan ဆိုတဲ့ ဝေါဟာရမှာ ယင်းဒေသ တိုင်းရင်းသားဘာသာ စကားအရ ပိတုန်းဆိုပြီး အဓိပ္ပာယ်ရပါတယ်" ဟု ရောဘတ်ဖစ်ရှာကပင် ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား အစ္စရေးသံအမတ်ကြီးတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၃**

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr.Yaron Mayer သည် ယနေ့ညနေ ၃ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေပြုသမဝါယမလုပ်ငန်းများ၌ နည်းပညာအကူအညီပေးနိုင်မည့် ကိစ္စရပ်များ၊ ပျားမွေးမြူရေးလုပ်ငန်းတွင် ပျားဘုရင်မနှင့် နည်းပညာအကူအညီပေးနိုင်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ပညာသင်စေလွှတ်မည့်ကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ပျားလုပ်ငန်းဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် Tag အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အကြံပေးအရာရှိ Mr. Roy Ben Eliezer တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## လာရောက်တွေ့ဆုံ

**သမဝါယမ ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr.Yaron Mayer လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

မြန်မာ့အလင်း

## ဘဝအမောပြေ

### ဖြေနိုင်ပါတယ်

### အာကာဟိန်း-ရေးသားသည်

**သချာၤဘာသာ စာမေးပွဲဖြေပြီး အိမ်ပြန်လာသော မူလတန်းကျောင်းသားတစ်ဦးအား အိမ်၌ဖခင်ဖြစ်သူက မေးမြန်းလေသည်။**

**ဖခင် ။ ။ သား…စာမေးပွဲဖြေနိုင်လား။**

သား ။ ။ ဟုတ်ကဲ့။

**ဖခင် ။ ။ မေးခွန်းအားလုံးဖြေနိုင်ရဲ့လား။**

သား ။ ။ ဖြေနိုင်ပါတယ်။

**ဖခင် ။ ။ မေးခွန်းဘယ်နှပုဒ်မေးလဲသား။**

သား ။ ။ စုစုပေါင်း မေးခွန်း ၁၀ ခုပါ။

**ဖခင် ။ ။ ဒါဆိုရင်‥ ဘယ်မေးခွန်းတွေ ဘယ်လိုဖြေခဲ့လဲဆိုတာ ပြောပြပါဦး။**

သား ။ ။ ပထမမေးခွန်းလေးပုဒ်ကတော့ အဖြေထုတ်လို့မရဘူး။

**ဖခင် ။ ။ နောက်ထပ်မေးခွန်းခြောက်ပုဒ်ကရော။**

သား ။ ။ ကျန်တဲ့ မေးခွန်းခြောက်ပုဒ်က တွက်ချက်ရင်းနဲ့ အချိန်စေ့သွားလို့ အပြီးမသတ်နိုင်ခဲ့ဘူး။

**ဖခင် ။ ။ “ဟေ”**

မင်းဘူးခရိုင် ငဖဲမြို့ သာယာကုန်းကျေးရွာ၌ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဇော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြန်မာ့အလင်း)



ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဈေးကြီးပိုင်း၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်များ စုပေါင်း၍ (၆၃)ကြိမ်မြောက် သက်ကြီးဝါကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်က မဟာသကျမုနိဘုရားကြီးဝင်း မဟာပုညောပကာရမဏ္ဍာရုံတွင် ကျင်းပစဉ်။

(မြန်မာ့အလင်း)



■ *ကျောဖုံးမှ*

ထို့ကြောင့် ငယ်စဉ်ကပင် အဝလွန်မှု မဖြစ်ပွားစေရန် ကာကွယ်ထိန်းသိမ်းပြီး ပညာသင်ကြားရာတွင် အခက်အခဲမဖြစ်စေရန် ကြိုးစားသင့်ကြောင်း အကြံပြုထားသည်။

**(အင်တာနက်)**

## နိုင်ငံတကာရုပ်ရှင်

### ကိုသစ္စာ - စုစည်းသည်



# ဟောလီဝုဒ်ရုပ်ရှင်မင်းသမီးရို့စ်ဘရာနီ ဇာတ်ကားသစ်ရိုက်ကူးနေ

**လော့စ်အိန်ဂျလိစ် ဧပြီ ၂၃**

ဟောလီဝုဒ်ရုပ်ရှင်မင်းသမီးရို့စ်ဘရာနီဟာ I Give It A Year အမည်ရှိတဲ့ ရုပ်ရှင်ကားသစ်ကို စတင်ရိုက်ကူးနေပြီး လာမယ့် ၂၀၁၃ ခုနှစ်ဆန်းမှာ ရုံတင်ပြသနိုင်မယ်လို့ ဧပြီ ၂၃ ရက်မှာ သတင်းထုတ်ပြန်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး ရို့စ်ဘရာနီ **(ဝဲပုံ)**ဟာ အဲဒီဇာတ်ကားကို ကိုယ်တိုင်ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်မှာဖြစ်သလို ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်ထားလို့ အကောင်းဆုံးဖြစ်အောင် ရိုက်ကူးနေတယ်လို့ ဆိုပါတယ်။

အခုလောလောဆယ်မှာတော့ Unity Narrator အမည်ရှိတဲ့ ဇာတ်ကားရိုက်ကူးပြီးစီးလို့ အမေရိကန်နိုင်ငံတစ်ဝန်းမှာ ရုံတင်ပြသနေပြီဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံသူဖြစ်တဲ့ ရုပ်ရှင်မင်းသမီးရို့စ်ဘရာနီဟာ လာမယ့် ၂၀၁၃ ခုနှစ်မှာ The Love အမည်ရှိတဲ့ ဇာတ်ကားမှာ ကိုယ်တိုင်ဒါရိုက်တာအဖြစ် စီစဉ်ရိုက်ကူးဖို့လည်း ပြင်ဆင်နေပါတယ်။

သူမပါဝင်သရုပ်ဆောင်ထားတဲ့ X-Men; First Class ဇာတ်ကားကိုလည်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှာ ရုံတင်ပြသခဲ့တာ ပရိသတ်တွေနှစ်သက်အားပေးမှုရရှိခဲ့ပါတယ်။ သူမဟာ ရုပ်ရှင်သရုပ်ဆောင်အပြင် ဒါရိုက်တာအလုပ်ကို ပူးတွဲလုပ်ပြီး အသက်အရွယ်ရလာတဲ့အခါ ဒါရိုက်တာနဲ့ထုတ်လုပ်သူအဖြစ် အနုပညာအလုပ်တွေလုပ်ကိုင်သွားမယ်လို့ဆိုပါတယ်။ ရုပ်ရှင်မင်းသမီး ရို့စ်ဘရာနီပါဝင်သရုပ်ဆောင်ထားတဲ့ X-Men; First Class ဇာတ်ကားဟာ ရုံတင်တဲ့ပထမသီတင်းပတ်မှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ သန်းရရှိခဲ့တဲ့ ဇာတ်ကားလည်းဖြစ်ပါတယ်။

**(အင်တာနက်)**

# Think Like A Man ဇာတ်ကား တစ်ပတ်အတွင်းဝင်ငွေအကောင်းဆုံးဖြစ်လာ




**လော့စ်အိန်ဂျလိစ် ဧပြီ ၂၃**

ယခုသီတင်းပတ်အတွင်း ဥရောပနိုင်ငံများ၌ ရုံတင်ပြသခဲ့သော ရုပ်ရှင်ကားများအနက် Think Like A Man ဇာတ်ကားမှာ ဝင်ငွေအကောင်းဆုံးဖြစ်ကြောင်း ဧပြီ ၂၃ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ယင်းဇာတ်ကားသည် တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃ သန်းရရှိခဲ့သဖြင့် ဝင်ငွေအကောင်းဆုံးဇာတ်ကားအဖြစ် ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ The Lucky One ရုပ်ရှင်ကားမှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၂ ဒသမ၈သန်းရရှိခဲ့သဖြင့် ဒုတိယဝင်ငွေအကောင်းဆုံးဇာတ်ကားစာရင်းဝင်ခဲ့သည်။ နာမည်ကြီး The Hunger Games ဇာတ်ကားမှာ ယခုသီတင်းပတ်အတွက် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ သန်းရရှိခဲ့သဖြင့် တတိယဝင်ငွေအကောင်းဆုံးအဆင့်မှ ရပ်တည်နိုင်ခဲ့သည်။ တစ်ဖန် Chimpanzee ဇာတ်ကားမှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ သန်းရရှိခဲ့သဖြင့် စတုတ္ထဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်ခဲ့သည်။ The Hunger Games ဇာတ်ကားမှာ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်း၌ပင် စတင်ပြသသည့်အချိန်မှ ယနေ့အထိ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅၆ ဒသမ ၉ သန်းရရှိထားသည့်ဇာတ်ကားဖြစ်သည်။

**(အင်တာနက်)**



# တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဆိုဂျီဆု ပေကျင်းရုပ်ရှင်ပွဲတော် တက်ရောက်

**ပေကျင်း ဧပြီ ၂၃**

ဒုတိယအကြိမ်မြောက် ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဧပြီ ၂၃ ရက် နံနက်က စတင်ကျင်းပလျက်ရှိရာ နိုင်ငံတကာမှ ရုပ်ရှင်အနုပညာရှင်များနှင့်အတူ တောင်ကိုရီးယားရုပ်ရှင်မင်းသား ဆိုဂျီဆုလည်း တက်ရောက်ပါဝင်ဆင်နွှဲလျက်ရှိသည်။ **(အပေါ်ပုံ)**

### ပါဝင်ဆင်နွှဲ

ယင်းရုပ်ရှင်ပွဲတော်ကို ဧပြီ ၂၃ ရက်မှ ၂၈ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိရာ နိုင်ငံတကာမှ ရုပ်ရှင်ကားပေါင်း ၂၆၀ ကျော်နှင့် နိုင်ငံတကာမှ ဒါရိုက်တာ၊ သရုပ်ဆောင်နှင့် အထူးဖိတ်ကြားသည့် ဧည့်သည် ၄၀၀၀ ခန့် ပါဝင်ဆင်နွှဲကြသည်။

ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တောင်ကိုရီးယားရုပ်ရှင်မင်းသားဆိုဂျီဆုမှာ ပထမဆုံးဖိတ်ကြားခံရခြင်းဖြစ်ပြီး ဖွင့်ပွဲကျင်းပသည့်နေ့မှ စတင်ပြီး ပေကျင်းမြို့သို့ရောက်ရှိကာ ပရိသတ်များနှင့် တွေ့ဆုံလျက်ရှိသည်။

ရုပ်ရှင်ပွဲတော်၌ အော်စကာဆုရှင် ဒါရိုက်တာဂျိမ်းကင်မရွန်းရိုက်ကူးထားသည့် သရီးဒီ တိုင်တန်းနစ် ရုပ်ရှင်ကားပြသရန် ပွဲတော်ကျင်းပသူများနှင့် ဒါရိုက်တာ ဂျိမ်းကင်မရွန်းတို့ သဘောတူညီထားသည်။ ထို့အပြင် ရုပ်ရှင်ပွဲတော်ရက်အတွင်း ကျင်းပသည့် အနုပညာဆိုင်ရာဆွေးနွေးပွဲ၌ ဒါရိုက်တာ ဂျိမ်းကင်မရွန်း တက်ရောက်ဆွေးနွေးမည်ဖြစ်သည်။ လောလောဆယ်၌မူ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲသို့ ဒါရိုက်တာ ဂျိမ်းကင်မရွန်း တက်ရောက်နိုင်ခြင်းမရှိချေ။

### တက်ရောက်ခဲ့

ပထမအကြိမ် ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၂၀၁၁ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၈ ရက်အထိ ပေကျင်းမြို့၌ ကျင်းပခဲ့ရာ နိုင်ငံတကာမှ ရုပ်ရှင်ကားပေါင်း ၁၆၀ ခန့် ပါဝင်ပြသခဲ့သည်။ ထို့အတူ နိုင်ငံတကာမှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီများ၊ ထုတ်လုပ်သူများလည်း တက်ရောက်ခဲ့သည်။

**(အင်တာနက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကမ္ဘာလုံးဆိုင်ရာ နည်းပညာအဖွဲ့တွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကုလသမဂ္ဂသဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD)နှင့် ကမ္ဘာလုံးဆိုင်ရာနည်းပညာအဖွဲ့ (Global Mechanism) မှ Ms.Camilla Nordheim- Larsen နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက် တွေ့ဆုံပြီး **(ယာပုံ)** သစ်တောထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ် မြေအသုံးချရေး၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့်ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Broadcast Media Regulation in Myanmar အလုပ်ရုံဆွေးနွေးပွဲကျင်းပ

## မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အရေးကြီးသည့်ဆွေးနွေးပွဲဖြစ်

**နေပြည်တော် ဧပြီ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာ မီဒီယာပံ့ပိုးမှုအဖွဲ့ International Media Support (IMS) တို့ ပူးပေါင်းဆောင်ရွက်သည့် Broadcast Media Regulation အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရ ဟိုတယ် Fantastic Hall ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အင်မတန်အရေးကြီးသည့် ဆွေးနွေးပွဲတစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေသည့် ရုပ်သံလွှင့်မီဒီယာကဏ္ဍအတွက် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုတစ်ခုလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး ရေဒီယိုထုတ်လွှင့်မှုကို ၁၉၃၆ ခုနှစ်တွင် စတင်ခဲ့ပြီး ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို ၁၉၈၀ ပြည့်နှစ်တွင် စတင်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၄ ခုနှစ်မှစ၍ ရုပ်သံလွှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကများ ပါဝင်နိုင်ရန် စတင်လုပ်ဆောင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၀၄ ခုနှစ်တွင် MRTV နှင့် Forever Group Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် MRTV-4 ရုပ်သံလိုင်းကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် MRTV နှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းပြီး Myanmar International (MI) ရုပ်သံလိုင်းကိုလည်းကောင်း စတင်ထုတ်လွှင့်ခဲ့ပါကြောင်း၊ ထို့ပြင် အခပေးကြည့်ရှုရသည့် ရုပ်သံလိုင်းများအဖြစ် DVBT စနစ်ဖြင့် ရုပ်သံလိုင်း ၅၂ လိုင်း၊ DTH စနစ်ဖြင့် ရုပ်သံလိုင်း ၄၆ လိုင်းကို ထုတ်လွှင့်နိုင်ခဲ့ပါကြောင်း၊ ရေဒီယိုထုတ်လွှင့်မှုကဏ္ဍတွင်လည်း ၁၉၉၇ခုနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် FM ရေဒီယိုထုတ်လွှင့်မှုကို စတင်ခဲ့ပြီး ၂၀၀၈ခုနှစ်တွင်မူ နိုင်ငံတော်နှင့် ဖက်စပ်ထုတ်လွှင့်သည့် FM ရေဒီယိုအစီအစဉ် ခြောက်ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် တိုးချဲ့ထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရုပ်သံလွှင့်မီဒီယာကဏ္ဍသည် ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း စတင်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး လာမည့်နှစ်များအတွင်း ယခုထက်ပို၍ အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာတော့မည်ဖြစ်ပါကြောင်း။

### အကြံဉာဏ်များရယူ

မြန်မာနိုင်ငံ၌ ၁၉၉၆ ခုနှစ်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်တွင် ပြောင်းလဲလာနေသည့်အခြေအနေများနှင့် ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Broadcasting Law တစ်ခု ရေးဆွဲနိုင်ရန် နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများ၏ ဥပဒေများကိုလေ့လာ၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် မူကြမ်းစတင်ရေးဆွဲခဲ့ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ပကတိအရှိတရားနှင့် ကိုက်ညီသည့် Broadcasting Law တစ်ရပ်ပေါ်ပေါက်လာရေးအတွက် နိုင်ငံတကာပညာရှင်များနှင့် ပြည်တွင်းမီဒီယာများထံမှ အကြံဉာဏ်များရယူရန် ကျင်းပခြင်းဖြစ်ပါကြောင်း။

ဆွေးနွေးကြရာတွင် (၁)ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရန်၊ (၂) ယနေ့ မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် ရုပ်သံထုတ်လွှင့်မှုပုံစံ (Model) များအပြင် နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် IPTV, Public Service Broadcasting Community Radio အစရှိသည့် ရုပ်သံထုတ်လွှင့်မှုပုံစံများအတွက်လည်း ထည့်သွင်းစဉ်းစား ရေးဆွဲရန်၊ (၃) ယနေ့ ရုပ်သံမီဒီယာကဏ္ဍကို ဖြေလျှော့မှုများ (Liberalize) လုပ်သည့်အခါ တွေ့ကြုံရမည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများတွင် ပါဝင်သင့်သည့်ပညာရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍ ရာခိုင်နှုန်း၊ ကြော်ငြာပါဝင်မှုအချိုးအစား၊ မိမိတို့ကိုယ်ပိုင်အစီအစဉ်များပါဝင်ရမည့်ရာခိုင်နှုန်း စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်၊ (၄) ရေဒီယို၊ ရုပ်မြင်သံကြားအပြင် New Media ဖြစ်သည့် အင်တာနက်ဆက်သွယ်မှုများအတွက်ပါ ထည့်သွင်းရေးဆွဲရန် လို/မလို စဉ်းစားရန်၊ (၅)ရုပ်သံလွှင့်မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေး၊ မီဒီယာကျင့်ဝတ်များနှင့်အညီ လိုက်နာလုပ်ဆောင်ရေး၊ အတတ်ပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်မည့် အဖွဲ့အစည်းတစ်ရပ်ထားရှိရန် လို/မလို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား မိန့်ခွန်းပြောကြားခဲ့ရာ၌ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းရာတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဟန့်တားပိတ်ပင်သကဲ့သို့ မဖြစ်စေဘဲ ထိုအခွင့်အရေးများကို နည်းမှန်၊ လမ်းမှန်ဖြင့် ပြည်ထောင်စုအကျိုးစီးပွား၊ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားများကို မထိခိုက်စေဘဲ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးသည့် ရည်ရွယ်ချက်ဖြင့် ရေးဆွဲကြရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအသစ်ပြန်လည်ရေးဆွဲနေသည့် ရုပ်သံထုတ်လွှင့်မှု ဥပဒေသည်လည်း နိုင်ငံသားများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ သတင်းရယူခွင့်များကို မထိခိုက်စေဘဲ၊ လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်စေရန်နှင့် မြန်မာမီဒီယာလောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ရေးဆွဲရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် International Media Support(IMS)မှ Mr.Ranga Kalansooriya က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် International Standards and Main Issue for Myanmar ခေါင်းစဉ်ဖြင့် နိုင်ငံတကာကျွမ်းကျင်သူ Mr. Toby Mendel နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝမ်းတို့က အသီးသီးရှင်းလင်း ဆွေးနွေးကြသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ Mr. Toby Mendel က Licensing and Convergence၊ Regulation of Content နှင့် Public Broadcasting စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ၊ ပါဝင်ဆွေးနွေးလိုသည်များကို ပြန်လည်မေးမြန်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲ နောက်ဆုံးအစီအစဉ်တွင် Other Issues and Agreement On Key Principles ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြပြီး မဇ္ဈိမသတင်းဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းပုံများနှင့် ဖိုင်များပါဝင်သည့် Memory Sticks များကို အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကိုယ်စီပေးအပ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

### တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ IMS၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ Forever Group Co., Ltd.၊ Family Entertainment နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ချယ်ရီ FM၊ ပတ္တမြား FMနှင့် ပုဂံ FM တို့မှ တာဝန်ရှိသူများ၊ ရတနာပုံ တယ်လီပို့(စ်)တ်နှင့် မဇ္ဈိမသတင်းဌာနတို့မှ တာဝန်ရှိသူများ၊ NGO များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




**ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦးစိုးဝင်း Broadcast Media Regulation အလုပ်ရုံ ဆွေးနွေးပွဲတွင် အမှာ စကား ပြောကြားစဉ်။**
(သတင်းစဉ်)



**ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် ဧပြီ ၉ ရက်က နွေရာသီ ဝူရှူးသင်တန်းဆင်းပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက အမှာစကားပြောကြားပြီးနောက် သင်တန်းသားများက ဝူရှူး သရုပ်ပြသကြစဉ်။** (ပညာရေး)

# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် ဧပြီ ၂၃**

ဗိုလ်မှူးမြလွင်(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဒေါက်တာပြည့်စုံ၊ ဦးမြစိုး MD (ဒို့ရွှေပြည်ဆောက်လုပ်ရေး)၊ဦးသန်းဌေး MD (မြင့်မော်တော်ကား ဘရိတ်ဝါရှာလုပ်ငန်း)၊ ဦးတင်လှိုင်ဝင်း (အထွေထွေအတွင်းရေးမှူး-ကမန်းအမျိုးသားတိုးတက်ရေးပါတီ)တို့နှင့်အတူ ဧပြီ ၁၁ ရက်တွင် တပ်မတော်ဂေါက်ကွင်း (ဒဂုံကွင်း) မင်္ဂလာဒုံ၌ ဂေါက်သီးကစားစဉ် ဘောလုံးအမျိုးအစား Serixon Z.Star No.4 ကို သံတုတ်နံပါတ် Nike-7 ဖြင့် တိုင်အမှတ်(၆)သို့ ၁၈၅ ကိုက်အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### ဖွင့်လှစ်ပေး

**မြန်အောင်မြို့နယ် သရက်တော ကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ ပညာကမ္ဘာစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဧပြီ ၁၀ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်မြင့်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းစိုးတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြန်မာ့အလင်း)

# အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

24-4 (07).pmd 1 4/24/2012, 1:39 AM

အဆိုပါ ပညာရှင်အဖွဲ့များ၏ အကြံပြုချက်အရ သက်တမ်းကြာမြင့်ပြီး မကြာခဏ ပြတ်တောက်လေ့ရှိသော အာရှဥရောပရေအောက်ဆက်ကြောင်း (SEA-ME-WE-3)အပြင် အခြား (SEA-ME-WE-4)၊ (SEA-ME-WE-5) ဆက်ကြောင်းများ တိုးချဲ့ချိတ်ဆက်ရေးအပြင် ကုန်းတွင်းဖြတ်ကျော် ဆက်ကြောင်းများ တိုးချဲ့ချိတ်ဆက်ရေး၊ စင်ကာပူနှင့် ဟောင်ကောင်ရှိ Data Center များတွင် ISP များ၏ Oversea POP (၁)ခုစီ ထပ်မံချိတ်ဆက်သွားရေး စသည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာပြည်ပကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး Internet Bandwidth ပမာဏကိုလည်း 14 Gb အထိ တိုးချဲ့သွားမည် ဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း Internet သုံးစွဲမှုတွင် မိမိသုံးစွဲသည့် download ပမာဏကိုသာပေးရမည့် တန်ဖိုးနည်းစနစ်ကိုလည်း WiMax စနစ်တွင် သုံးစွဲမည်ဖြစ်၍ အင်တာနက်သုံးစွဲမှုတန်ဖိုးများ ပိုမိုလျှော့ကျလာနိုင်ပါကြောင်း။

၎င်းအပြင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာဝန်ကြီးအဆင့် ညီလာခံတွင် ဆွေးနွေးညှိနှိုင်းချက်များအရ 2 nd ICT Master Plan (2010-2015) အား အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ICT အသုံးချနိုင်မှု ပိုမိုမြှင့်တင်နိုင်ရေး ပြည်တွင်း ပြည်ပမှ ပညာရှင်များဖိတ်ကြား၍ မည်သို့ဆောင်ရွက်သင့်သည်ကို ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးမည့် National ICT Forum အား ၂၀၁၂ ခုနှစ် ဇွန်လအတွင်း ကျင်းပရန် ဆောင်ရွက်နေပါကြောင်း၊ ၎င်း Forum မှရရှိလာမည့် အကြံပြုချက်၊ ဆွေးနွေးချက်များ အတိုင်း ထပ်မံဆောင်ရွက်ပါက မိမိတို့ Internet စနစ်သည် သင့်လျော်သည့် ဈေးနှုန်းဖြင့် မြန်ဆန်ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၏ **"တနင်္သာရီမြို့နယ်တွင် ပြိုလဲကျနေသည့် CDMA ဖုန်းလိုင်း ဆက်သွယ်ရေးတိုင်ကို ပြန်လည်စိုက်ထူပေးလျက်ရှိရာ မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီမြို့နယ် ပွိုင့်-၁၇၉၈ မိုက္ကရိုဝေ့ဗ်စခန်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးသွားသော တာဝါတိုင်အမြင့် (၃၂)မီတာအား အသစ်ပြန်လည်စိုက်ထူပေးရန်အတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှစတင်၍ တာဝါဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ဒုတိယအပတ်တွင် ပြီးစီးခဲ့ပါကြောင်း၊ တာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်းနှင့် Transmission တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ မတ် ၂၅ ရက်တွင် ပြီးစီးခဲ့ပြီးဖြစ်၍ တယ်လီဖုန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးဦးစံထွန်းက ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **သွင်းကုန်ပို့ကုန်ဥပဒေကြမ်း** ကို အမျိုးသားလွှတ်တော်ကဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ အဆိုတင်သွင်းသည်။ ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပေးပို့ထားပြီး ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းများဖြစ်သည့် **၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း** နှင့် **လူမှုဖူလုံရေးဥပဒေကြမ်း** တို့ကို လွှတ်တော်သို့ အသိပေးတင်ပြသည်။ ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်းက **"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ၄၂၆၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ အဆိုကိုလွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **"မြန်မာနိုင်ငံ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ်ဖွံ့ဖြိုးတိုးတက်မှု (Economic And Engineering Development Of Myanmar)**အတွက် **အစီရင်ခံစာများ ပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ရန်နှင့် အဆင့်မြင့်လုပ်ငန်းကြီးကြပ်ညှိနှိုင်းမှု ကော်မတီတစ်ရပ်ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။ အဆိုများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်ရပ်နားလိုက်ပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီတွင် လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၇)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေကြမ်း(၁)ခုတင်သွင်းခြင်း၊ အမျိုးသားလွှတ်တော်ကအတည်ပြုပေးပို့ထားပြီး ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း (၃)ခုကို လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် အဆို(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ဗုဒ္ဓစွယ်တော်တိုက် လင်ကွမ်းကျောင်းတော်၌ မြန်မာမိသားစုများ နှစ်ဆန်း(၁)ရက်နေ့ စုပေါင်းကုသိုလ်ပြု

**နေပြည်တော် ဧပြီ ၂၃**

ဗုဒ္ဓစွယ်တော်တိုက် လင်ကွမ်းကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ Most. Ven Shen Zhan အား အမှူးထားပြီး တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးနှင့် မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပေကျင်းရောက် မြန်မာခရီးသွားမိသားစုများ၊ စစ်ဘက်နယ်ဘက်ပညာတော်သင် ကျောင်းသားကျောင်းသူများ၊ ပေကျင်းတက္ကသိုလ် မြန်မာစာဌာနမှ ဆရာမများနှင့် ကျောင်းသားများ စုစုပေါင်းအင်အား ၁၈၀ ခန့် စုပေါင်း၍ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့) နံနက်ပိုင်းတွင် လင်ကွမ်းကျောင်းတော်ကျွန်းရတနာကျောင်းဆောင်၌ စုပေါင်းကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

အစီအစဉ်အရ လင်ကွမ်းကျောင်းဆရာတော်က ကြိုဆိုနှုတ်ခွန်းဆက်စကားမြွက်ကြားပြီး ဆရာတော်အမှူးပြုသည့် တရုတ်ရဟန်းသံဃာတော် ၂၅ ပါးတို့ စုပေါင်း၍ နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်များ ရွတ်ဖွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် သံအမတ်ကြီးက မြန်မာနှစ်ဆန်း ၁ ရက်နေ့ စုပေါင်းကုသိုလ်ပြုရသည့် ရည်ရွယ်ချက်နှင့် အစီအစဉ်များ တင်ပြလျှောက်ထားပြီး ပရိသတ်များက မြန်မာ့ထုံးတမ်းစဉ်လာနှင့်အညီ နမောတဿ အစချီ၍ ကန်တော့ခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ စုပေါင်းဝတ္ထုအလှူငွေ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်က ဓမ္မလက်ဆောင်ပစ္စည်းများ ပြန်လည်ချီးမြှင့်ခြင်း၊ စုပေါင်းအမျှပေးဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်နှင့် သံအမတ်ကြီးတို့က မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် တရုတ်-မြန်မာ နှစ်နိုင်ငံ အေးချမ်းသာယာရေး၊ ဝေနေယျသတ္တဝါအပေါင်း ဘေးအန္တရာယ်အပေါင်းမှ လွတ်မြောက်ငြိမ်းချမ်းရေး ရည်ရွယ်လျက် လှောင်အိမ်မှ ငှက်များအား ဘေးမဲ့လွှတ်ပေးကြ၍ ပရိသတ်များက သာဓုအနုမောဒနာပြုခဲ့ကြသည်။

ထို့နောက် ဆရာတော်က အခမ်းအနားသို့ တက်ရောက်လာကြသော မိသားစုများ၊ မြန်မာနိုင်ငံမှ ခွင့်ကြုံရောက်ရှိလာသော မြန်မာခရီးသွားအုပ်စု(၂)စုနှင့် ပညာတော်သင် ကျောင်းသား ကျောင်းသူများအား နေ့လယ်စာဖြင့် ပြန်လည်ကျွေးမွေး ချီးမြှင့်ခဲ့ကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်၍ ဗုဒ္ဓဘာသာ သာသနာရေးကိစ္စများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ထွန်းကားပါစေကြောင်း ဆုတောင်းပတ္ထနာပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန် -**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

( ၁ ) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။

( ၂ ) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

( ၃ ) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

( ၄ ) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

( ၅ ) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

( ၆ ) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

( ၇ ) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

( ၈ ) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။

( ၉ ) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ထေရဝါဒသာသနာ့နုဂ္ဂဟအသင်းတို့ ဦးဆောင်မှုဖြင့် ဧပြီ ၁၃ ရက်က ဈေးသွား ဈေးလာပြည်သူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်ကြည်တို့က ကြာဆံကြော်များဝေငှစဉ်။**
(မြန်မာ့အလင်း)





### ဆက်ကပ်လှူဒါန်း

**ဧပြီ ၁၇ ရက်က မြန်မာနှစ်ဆန်း ၁ ရက် အလှူအဖြစ် မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သံဃာတော်များအား ဆွမ်းနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခြင်း၊ အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား လှူဒါန်းကန်တော့ခြင်းများ ပြုလုပ်စဉ်။**
(၁၆၈)

## မြန်မာ့အလင်း စာအုပ်စင်ကလျာ ၂၃-၄-၂၀၁၂

### ကိုလင်း-စုစည်းသည်

### မင်းနန် (မော်ကျွန်း)၏ ထေရဝါဒရှုထောင့် စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးသူ မင်းနန် (မော်ကျွန်း) ရေးသားထားသော ထေရဝါဒရှုထောင့်စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရှန်းသော ဘဝကောင်း ဘဝမွန်ကို ရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလ မလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်းပါးလျား၍မလာ၊ မည်သည့် တရားထူးမျှလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာ ဝေးလေစွ။ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည် ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို အလင်းသစ်စာပေ တိုက်-၆ အခန်း-၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၂၀၀ ဖြင့် ဖြန့်ချိထားသည်။ အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

### မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ စာအုပ်ထုတ်ဝေ



စာရေးသူ ဓမ္မာစရိယ ဦးမောင်မောင်လေး ရေးသားထားသော မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများစာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အရာရာ၌ ယောကျာ်းများသာ စဉ်းစားဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်အဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သော ပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကို ရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရမာတာဝိသာခါ၊ အမ္ဗပါလီ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ၊ ဒီဃကေသီ၊ ဥတ္တရာနှင့် သီရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်သည်။

အဆိုပါစာအုပ်ကို အလင်းသစ်စာပေ တိုက်-၆၊ အခန်း ၄၀၄၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃-၈၄၈ မှ ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

## မီးလောင်မှု လျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။

(ခ) မီးဖိုအနီးတွင် လောင်စာနှင့် လောင်စာဆီများမထားပါနှင့်။

(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။

(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။

(င) မီးခွက်၊ မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။

(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်းမခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။

(ဆ) လူနေအိမ်ခြေနှင့်ကပ်လျက် ကောက်ရိုးပုံ၊ ပြောင်းပုံများ စုမထားပါနှင့်။

(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်းမမွေးပါနှင့်။

(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကို အသုံးပြုခြင်းမလုပ်ပါနှင့်။

(ည) အမဲလိုက်ထင်းခွေသူများဆေးလိပ်မီးကို အရမ်းပစ်ခြင်း မပြုပါနှင့်။

(ဋ) ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေး ပစ္စည်းများကို လုံလောက်စွာထားရှိပါ။

(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက် အပေါ့စား မီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

မီးသတ်ဦးစီးဌာန။

# သောက်ပါ့မယ် ပျောက်တော့တီဘီရယ်

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး)

တစ်ခုသော တနင်္ဂနွေရဲ့ နံနက်ခင်းလေး၊ ကျွန်တော်ဆရာဝန် အိမ်မှာနားနေတဲ့အချိန် လူခေါ်ခေါင်းလောင်းလေးမြည်လာတယ်။ လှူကြည့်ပေါက်ကလေးကနေကြည့်လိုက်တော့ အစ်မဝမ်းကွဲတော်သူ မမပိုပိုကို တွေ့လိုက်ရပါတယ်။ သူနဲ့တွဲပြီးပါလာသူက ကလေးမတစ်ယောက်၊ သူကတော့ နှာခေါင်းစည်းလေးစည်းထားလို့ပေါ့။ နှာခေါင်းစည်း စည်းထားတဲ့အတွက် ဘယ်သူမှန်းမသိရပေမယ့် မမပိုပိုဟာ ကျွန်တော့်ရဲ့အစ်မဖြစ်တာကြောင့် ကျွန်တော်တံခါးကို ဖွင့်ပေးလိုက်ပါတယ်။

**ကျွန်တော်ဆရာဝန်** ။ ။ ဟော အစ်မပိုပိုတို့ပါလား။ ဝင်ကြပါ၊ ထိုင်ကြပါ၊ သူလေးက ဘယ်သူတုန်း။

**မမပိုပို** ။ ။ မောင်လေးဆရာဝန်ရေ၊ ဒီနေ့ကပိတ်ရက်မို့လို့ နားနေမယ်ဆိုတာ သိပေမယ့် ဒီက သမီးကဲကဲကိစ္စအတွက် လာရတာ။

**ကျွန်တော်ဆရာဝန်** ။ ။ ဟောဒါ သမီးကဲကဲလား။ တော်တော်တောင် အရွယ်ရောက်နေပြီပဲ။ နှာခေါင်းစည်းကြီးနဲ့ဆိုတော့ မမှတ်မိလိုက်တာ။

**မမပိုပို** ။ ။ အင်း တို့မတွေ့တာ တော်တော်ကြာပြီ။ သမီးက အခု တတိယနှစ် ဆေးကျောင်းသူ (3rd MB) ဖြစ်နေပြီကွယ့်။

**ကျွန်တော်ဆရာဝန်** ။ ။ သမီးကဲကဲက တယ်ဟုတ်ပါလား။ ကဲလာကြပါ၊ ထိုင်ကြပါ၊ လာရတဲ့ အကြောင်းအရင်း ပြောကြပါဦး။ သမီးကဲကဲကလည်း နှာခေါင်းစည်းကြီးနဲ့ပါလား၊ ဘာအတွက်ကြောင့်တုန်း။

**မမပိုပို** ။ ။ မောင်လေးဆရာဝန်ရေ၊ အဲဒီနှာခေါင်းစည်းကိစ္စနဲ့ပဲ လာရတာကွယ့်။ မင်းတူမကဲကဲက လွန်ခဲ့တဲ့ နှစ်လလောက်က ချောင်းဆိုးသွေးပါဖြစ်လိုက်တယ်။ အဲဒါနဲ့ မမတို့လည်း နီးရာဒေသန္တရဆေးခန်းမှာ သလိပ်စစ်လိုက်တော့ တီဘီပိုးရှိနေတာ တွေ့လိုက်တယ်။ တီဘီရောဂါသေချာလို့ တီဘီဆေးသောက်ရတယ်။ သက်လည်း သက်သာတယ်ကွယ်။ အခု နှစ်လရှိပြီ။ အတော်ကြီးကောင်းလာတယ်။ နှစ်လပြည့်တော့ သလိပ်မှာ တီဘီပိုးရှိသေးလား ပြန်စစ်ကြတယ်။ တီဘီပိုးမရှိတော့ဘူး။ ဘာရောဂါလက္ခဏာမှလည်း မပြတော့ဘူး။အဲဒါနဲ့ တီဘီဆေးတိုက်တဲ့ဌာနက တီဘီဆေးကို ဆေးလုံးအကြီးကနေ အသေးလေးတွေကို ပြောင်းပေးလိုက်တာ။ အဲဒါ ဆက်သောက်ပါလို့ ပြောတာ၊ မင်းတူမကဲကဲက အခု ဆက်မသောက်ချင်တော့ဘူး။ ကောင်းနေပါပြီဆိုပြီး ပြောတာ။ အစ်မတို့ နားလည်တာကတော့ တီဘီဆေးက သောက်ရင်ပြီးဆုံးအောင် ရောဂါပျောက်သည်အထိ ညွှန်းထားတဲ့အတိုင်း သောက်ရတယ်လို့ နားလည်တယ်။ အဲဒါ သူဆက်မသောက်တော့ဘူး လုပ်နေလို့ အဲဒါနဲ့ နောက်ဆုံး ကြံရာမရဖြစ်ပြီး မင်းဆီကို ခေါ်လာရတာ။

**သမီးကဲကဲ** ။ ။ မဟုတ်ပါဘူး ဦးဦးဆရာဝန်ရေ၊ သမီးကဲကဲကဖြင့် ဆေးသောက်ရတာ နှစ်လရှိပြီ။ ဆေးတွေကလည်း အကြီးကြီးပဲ။ တစ်ခါသောက် သုံးပြားကြီးတောင်၊ မနက်အိပ်ရာထပြီဆိုရင် ဘာအလုပ်မှမလုပ်ရသေးဘူး။ ဆေးပဲ စသောက် ခိုင်းတော့တာ။ နေ့စဉ်နဲ့အမျှ အခုဆို ရက်ခြောက်ဆယ်ကျော်နေပြီ။ မျိုချရတာလည်း ခက်တယ်။ ဆီးအရောင်ကလည်း နီရဲနေတာပဲ။ ပြီးတော့ သမီးက ကျောင်းသွားတဲ့အခါ စာတွေလိုက်ရင် မူးသလို၊ ရီသလိုလည်းရှိသေးတယ်။ အဲဒါကြီးကို ဆက်ပြီး သောက်ခိုင်းနေတာလေ။

**ကျွန်တော်ဆရာဝန်** ။ ။ သြော်. . . လာရင်းကိစ္စက ဒီအတွက်ကြောင့်ကိုး။ သမီးကဲကဲရဲ့ နှာခေါင်းစည်းကြီး ဖြုတ်လိုက်ပါဦး။ ချောင်းမဆိုးတော့ဘူး မဟုတ်လား။ ဆေးသောက်တာ နှစ်လကြာပြီ၊ ချောင်းမဆိုးတော့ရင် နှာခေါင်းစည်း မလိုတော့ပါဘူးကွယ်။ သမီးကဲကဲက အခုနေလို့ကောင်းသွားပြီလို့ ထင်လို့လား။ ရောဂါပျောက်နေပြီလို့ ထင်နေတယ်ပေါ့လေ။

**သမီးကဲကဲ** ။ ။ ဟုတ်တယ် ဦးဦးဆရာဝန်ရဲ့။ သမီးက အခုဘာလက္ခဏာမှမပြတော့ဘူး။ ချောင်းလည်းမဆိုးဘူး။ သွေးလည်းမပါဘူး။ ကိုယ်အလေးချိန်တောင် တိုးလာသေးတယ်။ သလိပ်စစ်တော့လည်း သလိပ်ကကောင်းကောင်းမထွက်တော့ဘူး။ စစ်ပြန်တော့လည်း သလိပ်မှာပိုးမရှိတော့ဘူးတဲ့။ နောက် ဓာတ်မှန်ရိုက်ကြည့်သေးတယ်။ ရိုက်ကြည့်တော့ ဓာတ်မှန်အဖြေကို သမီးဖတ်တတ်သားပဲ။ Lungs are Clear (အဆုတ်က ကောင်းနေပြီ) တဲ့။ အဲဒီတော့ သမီး ဆေးဆက်မသောက်ချင်ဘူးလေ။ ဆေးတွေအကြောင်းလည်း သမီးသိပါတယ်။ side effect (ဘေးထွက်ဆိုးကျိုး) တွေက အများကြီးပဲဥစ္စာ။ ဒါနဲ့ ဆေးကိုရပ်မယ်ဆိုပြီး ရပ်တာ၊ မေမေက မရဘူး။ အတင်းတိုက်နေတာ၊ ဦးဦးဆရာဝန်ရယ် လုပ်ပါဦး၊ မေမေ့ကို ဝိုင်းပြောပေးပါဦး။ သမီးက အခုမှ 3rd MB ရှိသေးတာ၊ စာတွေကလည်း အများကြီးပဲ။ ဒီဆေးတွေသာ ဆက်သောက်နေရရင် မှတ်ဉာဏ်တွေလည်း ထိကုန်လိမ့်မယ်နဲ့တူတယ်။

**မမပိုပို** ။ ။ မောင်လေးဆရာဝန်ကြီးရယ်၊ ကြည့်လုပ်ပါဦး။ မမတို့ကြားဖူးတာတော့ တီဘီဆေးကို အချိန်မတန်ဘဲ ရပ်လိုက်ရင် ရောဂါမပျောက်ဘူး၊ ရောဂါပြန်ဖြစ်တတ်တယ်လို့ ကြားဖူးတယ်။ အဲဒါမဟုတ်ဘူးလား။

**ကျွန်တော်ဆရာဝန်** ။ ။ ဟုတ်ပါတယ်။ ရပ်လို့မရဘူး မမရဲ့။ ရပ်လိုက်မယ်ဆိုရင် ရောဂါမပျောက်တဲ့အပြင် ပြန်ဖြစ်မယ်။ ပြန်ဖြစ်တဲ့အခါမှာ ရောဂါက ပိုဆိုးသွားမယ်။ ဆေးမတိုးတဲ့တီဘီ၊ တီဘီအပြင်းစားတွေ ဖြစ်သွားတတ်တယ်။ ပုံမှန် တီဘီဆေးတွေနဲ့ ကုမရတော့ဘူးဆိုပါစို့ မမရယ်။

**သမီးကဲကဲ** ။ ။ ဟာ ဦးဦးဆရာဝန်ကလည်း၊ သောက်ရတာ နှစ်လပြည့်နေပြီ။ စိတ်ကိုရှည်ပြီး သည်းခံသောက်နေရတာ။

**ကျွန်တော်ဆရာဝန်** ။ ။ သမီးပြောတာလည်း ဟုတ်တယ်။ ဒါပေမယ့် တီဘီကုထုံးတွေက ရှည်ရှည်ကြာကြာကြီးရယ်၊ ဟိုးအရင်ကဆိုရင် တစ်နှစ်၊ တစ်နှစ်ခွဲလောက်တောင် ကြာတတ်တယ်ကွယ့်။ ထိုးဆေးလည်း ပါသေးတယ်။ ခုနောက်ပေါ်တဲ့ဆေးတွေကျတော့ ဆေးအာနိသင်ကောင်းလာပြီးတော့ ခြောက်လ အနည်းဆုံး သောက်ရင်ရပြီလေ။ ဒါပေမယ့် ခြောက်လထက်လျော့တဲ့ကုထုံးတော့ မရှိသေးဘူးကွယ့်။

**သမီးကဲကဲ** ။ ။ ဦးဦးဆရာဝန်ရယ်၊ သောက်ရတဲ့ဆေးတွေကလည်း အများကြီး၊ မနက်မနက်ကျရင် ဆေးလုံးသုံးလုံးကြီးတောင် သောက်ရတာ။

**ကျွန်တော်ဆရာဝန်** ။ ။ အင်း သမီးရေ၊ သမီးတို့ခေတ်မှာ ဆေးလုံးသုံးလုံးကို များတယ်လို့ပြောနေတာကိုး။ ဒီဆေးတွေက တကယ်တော့ သုံးလုံးမက ဘူးကွယ့်။ ဒီဆေးတွေကို တီဘီဆေးအဖြစ်နဲ့ စတိုက်တုန်းကအတိုင်း သောက်ရမယ်ဆိုရင် ကနဦးတိုက်ခါစ နှစ်လမှာ ဆေးပြား ၁၁ ပြားကနေ ၁၄ ပြားလောက်အထိရှိတယ်။ ကနဦးနှစ်လပြီးလို့ နောက်ဆက်တွဲ လေးလဆက်တိုက်တဲ့အခါမှာ ဆေးပြား ငါးပြား၊ ခြောက်ပြားလောက်ရှိတယ်ကွယ့်။ ခုတော့ ဆေးတွေကို ပေါင်းလိုက်လို့ အလုံးရေနည်းသွားတာ။ ဒါတွေ ပေါင်းဖို့ဆိုတာလည်း လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ မတူတဲ့ဆေးတစ်ခုနဲ့တစ်ခု ပေါင်းစပ်တဲ့အခါမှာ ဆေးအာနိသင် လျော့၊ မလျော့စမ်းသပ်ပြီး သေချာတော့မှပေါင်းပြီး သောက်ရလွယ်အောင် လုပ်ထားတာ သမီးရဲ့။

**သမီးကဲကဲ** ။ ။ ဆေးတွေပေါင်းတာတော့ ဟုတ်ပါတယ်။ ဆေးတွေက အကြီးကြီးပဲ။ ဦးဦးဆရာဝန် မျိုကြည့်ပါလား။ တစ်လုံးတစ်လုံးကို မနည်းမျိုရတယ်။

**ကျွန်တော်ဆရာဝန်** ။ ။ ဟုတ်ပါတယ် သမီးရယ်၊ ဆေးပြားတွေက အတိုက်အလျောက်ကြီးတယ်၊ မျိုရခက်တယ်ဆိုတာ ဦးတို့ကိုယ်ချင်းစာပါတယ်။ စသောက်ခါစကာလ နှစ်လပေါ့နော်။ အဲဒီမှာတော့ ဆေးပြားတော်တော်ကြီးပါတယ်။ ဒါပေမယ့် သမီးဆက်သောက်ရမယ့် လေးလကတော့ ဆေးပြားလေးတွေ သေးသွားပြီလေကွယ်။

**မမပိုပို** ။ ။ မောင်လေးဆရာဝန် စောစောက ပြောတဲ့အထဲမှာ မတူတဲ့ဆေးအမျိုးအစားတွေ ပေါင်းထားတယ်လို့ ပြောတယ်။ အဲဒါ ဆေးအရေအတွက် နည်းသွားအောင်ပဲ ပေါင်းလိုက်တာလား။ တကယ်လို့များ ဆေးလုံးကြီးကြီးကို မျိုရခက်သူတွေအတွက်ဆိုရင် မပေါင်းဘဲနဲ့ တစ်ခုချင်းထားရင်ရော မကောင်းပေဘူးလား။ ဆေးအရေအတွက်များပေမယ့် မျိုရတာနည်းနည်းတော့ လွယ်သွားတာပေါ့ကွယ်။

**ကျွန်တော်ဆရာဝန်** ။ ။ မမရေ၊ မမစဉ်းစားတာလည်း မှန်တယ်၊ တစ်ဖက်က ကြည့်တော့ ဆေးလုံးသေးတဲ့အတွက် မျိုရတာလွယ်တယ်။ ဒါပေမယ့် တစ်ဖက်က ပြန်ကြည့်ရင် ကဲကဲတို့လို ဆေးမသောက်ချင်တဲ့သူတွေအတွက် ဒီလိုဆေးပေါင်းထားတာက အားသာချက်ရှိနေတယ်။ ဉပမာအားဖြင့် ၁၁ လုံးသောက်ရမယ်ဆိုပါစို့၊ ကိုယ်သောက်ချင်တဲ့ဆေး ငါးလုံး၊ ခြောက်လုံးကိုသောက်ပြီး ကျန်တဲ့ လေးလုံး၊ ငါးလုံးကို ချန်ထားခဲ့မယ်ဆိုရင် ဆေးလျှော့သောက်သလို ဖြစ်နေမယ်။ ဝင်တဲ့ဆေးလည်း ဝင်ပြီး၊ မဝင်တဲ့ဆေးလည်း မဝင်ဘဲ ဖြစ်နေမှာပေါ့။ အဲဒီအခါကျရင် လိုချင်တဲ့ အာနိသင်မရဘဲ တီဘီပိုးဟာ ခေါင်းပြန်ထောင်ပြီး ဆေးယဉ်ပါးတဲ့ တီဘီဖြစ်လာနိုင်တယ်။ လူနာတွေအနေနဲ့ အဲဒီလို သောက်လိုတဲ့ဆေးကို သောက်ပြီး မသောက်လိုတဲ့ဆေးကို ဖယ်ထုတ်မှာစိုးတဲ့အတွက် ဆေးတွေကို ပေါင်းဖို့အတွက် ကြိုးစားခဲ့တာ ဖြစ်တယ်။ လူနာအနေနဲ့ မျိုရတာ ဆေးလုံးကြီးတယ်ဆိုပေမယ့် လူနာက သောက်ချင်တဲ့ဆေး ခွဲခြားသောက်ပြီး မသောက်ချင်တဲ့ဆေး ဖယ်ထားလို့မရအောင် ပေါင်းထားပေးလိုက်တော့ ဆေးရဲ့အာနိသင် အပြည့်အဝရဖို့ သေချာသွားတာပေါ့။ ဒီလိုဆေးနှစ်မျိုးကနေ လေးမျိုးပေါင်းထားတဲ့ဆေး ပေးခဲ့တာ မကြာသေးဘူး မမရဲ့။ ကျွန်တော်တို့ ဆေးပညာအခေါ်အဝေါ်အရ Fixed Dose Combination (FDC) လို့ ခေါ်ပါတယ်။ လေးမျိုးပေါင်းထားရင် 4 FDC၊ နှစ်မျိုးပေါင်းထားရင် 2 FDC လို့ ခေါ်ပါတယ်။

**သမီးကဲကဲ** ။ ။ ဦးဦးဆရာဝန်ရယ်၊ သောက်ရတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် တကယ့်ကို ပုံမှန်အလုပ်ကြီး လုပ်နေရတာ။ အိပ်ရာထပြီဆိုရင် ဘာမှမလုပ်ရသေးဘူး။ မေမေက ဆေးလာတိုက်ပြီ။ တစ်ခါတလေကျတော့ ကဲကဲတို့က ညဘက်စာကျက်လွန်တတ်တယ်လေ။ မနက်ကျတော့မထချင်ဘူးပေါ့။ မေမေကတော့ ပုံမှန်၊ အချိန်မှန်ကို လာလာနှိုးနေတော့တာ။ စာကျက်ဖို့မဟုတ်ဘူး။ ဆေးတိုက်ဖို့တဲ့။ အားကြီးစိတ်ရှုပ်ဖို့ကောင်းတယ်။

**ကျွန်တော်ဆရာဝန်** ။ ။ သမီးရေ၊ အဲဒါမေမေကို ကျေးဇူးတင်ရမှာ၊ တီဘီဆေးတွေ သောက်ရတာ အချိန်မှန်ရတယ်ကွယ့်။ မိနစ်ပိုင်းလောက် တိကျဖို့တော့မလိုဘူးပေါ့။ ဒါပေမယ့် မနက်ဆိုရင် မနက်သောက်ချိန်ဟာ တစ်နာရီအတွင်းလောက်ပဲ ကွာခြားသင့်တယ် သမီးရယ်။ အဲဒီလိုဆေးကို အချိန်မှန်မှန်သောက်ပေးမှ ခန္ဓာကိုယ်ထဲမှာရှိတဲ့ တီဘီပိုးတွေ ခေါင်းမထောင်နိုင်အောင် အလဲထိုးနိုင်မှာပေါ့ကွယ့်။ နောက် တီဘီဆေးသောက်ရတဲ့ကာလက တစ်သက်လုံး မဟုတ်ပါဘူးကွယ်။ လပိုင်းပဲ။ ဒီတော့ ကြိုးစားပြီးသောက်ရမှာပေါ့ သမီးရယ်။

**မမပိုပို** ။ ။ မင်းတူမက ကြေးများလွန်းအားကြီးပါတယ်ကွယ်။ တီဘီဆေးတွေက ဘေးထွက်ဆိုးကျိုး (side effect) များတယ်ဆိုပြီး ငါ့ကို ဆရာလုပ်နေတယ်။

**ကျွန်တော်ဆရာဝန်** ။ ။ ဟုတ်လား သမီးကဲကဲ။ သမီးက အခုဆေးတွေအကြောင်း ဖတ်ထားတယ်ပေါ့။

**သမီးကဲကဲ** ။ ။ သမီးက 3rd MB တက်နေတာလေ။ ဆေးကျောင်း တတိယနှစ်ဆိုတော့ ဆေးတွေအကြောင်းတော့ သိပါတယ်ဦးရဲ့။

**ကျွန်တော်ဆရာဝန်** ။ ။ ကဲဟုတ်ပါပြီ သမီးရယ်၊ ဒါဆိုရင် သမီး စာတွေဘယ်လောက်ရလဲလို့ ဦးကို ပြောပြပါဦး။ ဘယ်တီဘီဆေးတွေက ဘယ်လို side effect တွေရှိတယ်ဆိုတာပေါ့။

**သမီးကဲကဲ** ။ ။ သမီးဖြေမယ်နော်။ သမီးက တီဘီဆေးတွေသောက်နေရတဲ့သူဆိုတော့ ဆေးတွေအကြောင်းကို ဦးထက်တောင် ပိုမှတ်မိဦးမယ်ထင်တယ်။ တီဘီဆေးမှာ အဓိကဆေးလေးမျိုး၊ ထိုးဆေးနဲ့ပါဆိုရင် ငါးမျိုးရှိတယ်။ ဆေးနာမည်တွေ ပြောရမယ်ဆိုရင် Rifampicin, Isoniazid (INH), Ethambutol (ETB), Pyrazinamide (PZA) နဲ့ streptomycin တို့ပေါ့။

**ကျွန်တော်ဆရာဝန်** ။ ။ ဟာ တယ်ဟုတ်ပါလား။ ကဲဟုတ်ပြီ။ သမီးက ဆေးတစ်ခုချင်းစီရဲ့ မကောင်းတဲ့ side effect တွေကို ဦးကို ရွတ်ပြစမ်းပါကွယ်။

**သမီးကဲကဲ** ။ ။ တီဘီဆေးတွေထဲက အရေးကြီးတဲ့ Rifampicin ကစပြောမယ်။ Rifampicin က ဆီးအရောင်ကို အနီရောင်၊ လိမ္မော်ရောင်ဖြစ်စေတဲ့ဆေးပေါ့။ သူ့ရဲ့ အဓိက side effect ကအသည်းကို ရောင်စေတယ်။ အသည်းရဲ့ အင်ဇိုင်းဓာတ်တွေဖြစ်တဲ့ ALT, AST တက်စေတယ်။ အသားဝါဓာတ် (Serum Bilirubin) တက်စေတယ်။ရံဖန်ရံခါ သွေးထဲမှာရှိတဲ့ သွေးဥမွှား (Platelet Count)ကို လျော့နည်းစေတယ်။ ရှားရှားပါးပါးတော့ Flu-like reaction လို့ခေါ်တဲ့ ဆေးသောက်ပြီးရင် ချမ်းတုန်ပြီး ဖျားတတ်တဲ့ side effect လည်းရှိသေးတယ်။ အသားရောင်ကိုလည်း ညိုမည်းစေတတ်တယ်။ Rifampicin ဆေးဟာ အခြားဆေးတွေနဲ့လည်း ဓာတ်ပြုသေးတယ်။ ဉပမာအားဖြင့် ပဋိသန္ဓေတားဆေး (Contraceptive Pills) တွေနဲ့ တွဲသောက်ရင် Contraceptive Pills တွေရဲ့ပဋိသန္ဓေတားတဲ့ အာနိသင် လျော့သွားပြီးတော့ ကိုယ်ဝန်ရနိုင်တယ်။

**ကျွန်တော်ဆရာဝန်** ။ ။ ဟာ သမီးက စာတော်တော်ရတာပဲ။ ဒါဆိုနောက် ဆေးတစ်မျိုး ပြောကြည့်ပါဦးကွယ်။

**သမီးကဲကဲ** ။ ။ ဆက်ပြောမယ်နော် ဦးဦးဆရာဝန်၊ နောက်တစ်မျိုးကတော့ အရေးကြီးတဲ့ ဆေးဖြစ်တဲ့ INH ဖြစ်တယ်။ အဲဒီ INH လို့ခေါ်တဲ့ Isoniazid ဆေးကလည်း အသည်းကို ထိခိုက်တယ်။ အသားဝါဓာတ် (Serum bilirubin)နှင့် အသည်းအင်ဇိုင်း (ALT,AST) တွေကို တက်စေတယ်။ Peripheral Neuropathy ခေါ်တဲ့ ထုံကျဉ်ခြင်းကိုလည်း ဖြစ်စေတတ်တယ်။ ဒါကို သက်သာစေချင်တယ်ဆိုရင်တော့ B6 ဆေးနဲ့တွဲပေးကြတယ်လေ။

**ကျွန်တော်ဆရာဝန်** ။ ။ ကဲ ဆက်ပြောပါဦး သမီးရဲ့၊ နောက်ဆေးတစ်မျိုး။

**သမီးကဲကဲ** ။ ။ နောက်တစ်မျိုးဆိုရင် ETB ခေါ်တဲ့ Ethambutol ကတော့ Optic Neuriltis ခေါ်တဲ့ အမြင်အာရုံကြောကို ရောင်ရမ်းစေတယ်လို့ ပြောတယ်။

**ကျွန်တော်ဆရာဝန်** ။ ။ ဟုတ်တယ် သမီးကဲကဲရေ။ Ethambutol က Optic Neuriltis ကို ရစေတဲ့အတွက် အမြင်အာရုံကြောကို ထိခိုက်စေနိုင်တယ်။ သိပ်ပြီး လွန်ကဲသွားရင် မျက်စိကွယ်နိုင်တာပေါ့။ ဒါပေမယ့် အဖြစ်များလှတယ် မဟုတ်ပါဘူး။ လူကြီးတွေကတော့ အမြင်အာရုံထိခိုက်ရင် စောစောစီးစီးသိပြီး ပြောနိုင်တော့ လူကြီးတွေကို စိတ်ချလက်ချပေးနိုင်တာပေါ့။ ကလေးတွေကျတော့ အသက်ငယ်လွန်းအားကြီးရင် မပြောပြတတ်ဘူးလေ။ အဲဒီတော့ ငယ်လွန်းတဲ့ ကလေးတွေကိုပေးတဲ့ တီဘီကုထုံးထဲမှာတော့ Ethambutol ကို ဖယ်ထားလေ့ရှိတယ်။ ကဲနောက်တစ်မျိုး ဆက်ပြောပါဦးသမီးရေ။

**သမီးကဲကဲ** ။ ။ နောက်ကျန်တဲ့တစ်မျိုးကတော့ PZA လို့ခေါ်တဲ့ဆေးလေ။ Pyrazinamide ပေါ့။ သူကတော့ တီဘီဆေးကုထုံးတွေမှာ ပထမနှစ်လပဲ တွဲပေးတဲ့ဆေးမဟုတ်လား ဦးဦးရဲ့။

**ကျွန်တော်ဆရာဝန်** ။ ။ ဟုတ်တယ်သမီးရေ။ PZA က ပထမ နှစ်လလောက်ပဲ သူ့ရဲ့အာနိသင်က ပိုထိရောက်တာ။ တီဘီရောဂါသက်သာလာတဲ့ နောက်ပိုင်းလတွေမှာ PZA ရဲ့အာနိသင်က သိပ်မကောင်းတော့ဘူး။ ဒါကြောင့်မို့လို့ သူ့ကို ပထမ နှစ်လကလွဲပြီး နောက်ပိုင်းလတွေမှာ ပေးလေ့မရှိဘူး။ သမီးက PZA ရဲ့ side effect လေးတွေ ပြောကြည့်ပါဦး။

**သမီးကဲကဲ** ။ ။ PZA ကလည်း အသည်းကို ထိခိုက်စေတယ်။ စောစောက ပြောခဲ့တဲ့ Serum Bilirubin, ALT, AST အားလုံးကို တက်စေတယ်။ နောက်ပြီး Gout လို့ခေါ်တဲ့ အဆစ်ရောင်ရောဂါကို ဖြစ်စေတယ်။ Uric Acid ဓာတ်တွေ တက်တတ်တယ်။ Gout ရောဂါရှိတဲ့သူတွေဆိုရင် တီဘီဆေးသောက်ပြီး အဆစ်နာတယ်လို့ ပြောကြတာပေါ့။ သမီးကတော့ စသောက်တဲ့ နှစ်လအတွင်းမှာ PZA ပါမှန်းသိတယ်။ ဒါပေမယ့် အဆစ်မနာပေါင်။

**ကျွန်တော်ဆရာဝန်** ။ ။ PZA ကြောင့် Uric Acid တော့ တက်တတ်ပါတယ်။ Gout ရောဂါရှိပြီးသားသူတွေလောက်ပဲ အဆစ်နာတာကွယ့်။ Gout မရှိတဲ့သူတွေကတော့ တချို့က ဘာမှလုံးဝမခံစားရပါဘူး။ တချို့တော့လည်း အဆစ်လေးနည်းနည်း တောင့်တင်းတယ်လို့ ပြောတာပေါ့။ အဆစ်နာတာမဖြစ်ရင် ဘာဆေးမှ ထပ်သောက်စရာ မလိုပါဘူး။ တကယ်လို့ Gout ရောဂါလည်း ရှိမယ်၊ အဆစ်တွေလည်း သိပ်နာနေမယ်ဆိုရင် Allopurinol လို့ခေါ်တဲ့ဆေးနဲ့ တွဲပေးလေ့ရှိပါတယ်။ နည်းနည်းတော့ သက်သာရရတာပေါ့ကွယ်။ ကဲ နောက်ဆုံးဆေးတစ်မျိုး ပြောကြည့်ပါဦး။

**သမီးကဲကဲ** ။ ။ Streptomycin လို့ခေါ်တဲ့ ထိုးဆေးလေ။ သမီးက ဒီတစ်ခါ ပထမဦးဆုံးဖြစ်တာဖြစ်လို့ Streptomycin မထိုးရတာ ကံကောင်းတယ်လို့ ပြောရမှာပေါ့နော် ဦးဦး။

**ကျွန်တော်ဆရာဝန်** ။ ။ ဟုတ်တယ် သမီးရေ၊ Streptomycin ကတော့ ပထမအကျော့ကုထုံးမှာ ထည့်သုံးလေ့မရှိဘူး။ ဒုတိယအကျော့ကုထုံးမှာတော့ သုံးရလေ့ရှိတယ်။ တကယ်လို့ သမီးကဲကဲ အခုပထမအကျော့ကုထုံးကို သေချာမကုလို့ မပျောက်ခဲ့ရင် သမီး ဒုတိယအကျော့ကုထုံးကို သွားရလိမ့်မယ်။ အဲဒီအခါကျရင် ထိုးဆေးပါတော့မှာနော်။ ထိုးဆေးက အနည်းဆုံး နှစ်လတိတိ ဆက်တိုက်ထိုးခံရမှာ။

**သမီးကဲကဲ** ။ ။ ကြောက်တောင် ကြောက်လာပြီ ဦးရေ။ Streptomycin က ထိုးရင် နာတယ်လေ။ နောက်သူ့ရဲ့ side effect တွေလည်း အများကြီးရှိပါသေးတယ်။ သူ့ရဲ့ side effect တွေထဲမှာ အဓိကကတော့ ကျောက်ကပ်ကိုလည်း ထိခိုက်တတ်တယ်။ အာရုံကြောတွေကိုလည်း ထိခိုက်စေတတ်တယ်။ အထူးသဖြင့်တော့ အကြားအာရုံကြောကို ထိခိုက်စေတဲ့အတွက် မူးဝေတတ်တယ်။ နားလေး၊ နားပင်းသွားနိုင်တယ်။ သမီးပြောတာတွေ ဟုတ်ရဲ့လား ဦးဦး။

**ကျွန်တော်ဆရာဝန်** ။ ။ သမီးကဲကဲက စာတော်တော်ရတာပဲ မမရဲ့၊သူက နေသာမကောင်းဘူးပြောတာ၊ ဆေးတွေအကြောင်း တော်တော်လေးဖတ်ထား၊ မှတ်ထားတာ ကျေညက်နေတာပဲ။

**မမပိုပို** ။ ။ မင်းတူမက ရောဂါဖြစ်လို့ ဆေးသောက်ရမယ်ဆိုတော့ ဆေးတွေအကြောင်းကို ဖတ်ထားတာလေ။ ဒါကြောင့် သူကဆေးတွေအကြောင်းကို ကျေညက်နေတာ။ ဒါနဲ့ နေပါဦး။ ဒီဆေးတွေသောက်ရင် ခန္ဓာကိုယ်ရဲ့ကြီးထွားမှုကို ထိခိုက်စေတတ်သေးလားကွယ့်။ မှတ်ဉာဏ်တွေ၊ ဘာတွေရော ထိခိုက်နိုင်သေးလား။

**ကျွန်တော်ဆရာဝန်** ။ ။ မမရေ၊ တီဘီရောဂါကသာ လူတွေရဲ့ကြီးထွားမှုကို ထိခိုက်တာ။ တီဘီဆေးကတော့ အဲဒီလို မထိခိုက်ပါဘူး။ တီဘီပိုးတွေကြောင့်သာ ဦးနှောက်အမြှေးရောင်တာကို ဖြစ်စေနိုင်တာပါ။ TB Menigitis ခေါ်တယ်လေ။ တီဘီဆေးတွေကြောင့်တော့ မှတ်ဉာဏ်မထိခိုက်နိုင်ပါဘူး။

**မမပိုပို** ။ ။ တီဘီဆေးတွေကို ခြောက်လ၊ ရှစ်လ သောက်ပြီးတော့ ဒီဆေးတွေရဲ့ side effect က တစ်သက်လုံး ကျန်နေမှာလား။ တချို့က ပြောကြတယ်။ ငယ်ငယ်က တီဘီဆေးသောက်ခဲ့ရလို့ ကြီးလာတော့ မှတ်ဉာဏ်တွေ မကောင်းတော့ဘူးတဲ့၊ စတာတွေပေါ့ကွယ်။

**ကျွန်တော်ဆရာဝန်** ။ ။ အဲဒါက ပိုပြောကြတာပါ။ တီဘီဆေးက သောက်နေတဲ့ကာလအတွင်းမှာ အသည်းတို့၊ ကျောက်ကပ်တို့ ထိခိုက်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီဆေးသောက်ကာလ ပြီးဆုံးပြီးတဲ့နောက်ပိုင်းမှာ ဆက်ပြီးထိခိုက်နိုင်စရာ အကြောင်း မရှိတော့ဘူးလေ။

**မမပိုပို** ။ ။ တီဘီဆေးတွေမသောက်ခင် အသည်းတို့၊ ကျောက်ကပ်တို့ စစ်ထားရင်ရော မကောင်းဘူးလားကွယ့်။ ဒါဆိုရင် ပိုသတိထားလို့ရတာပေါ့။

**ကျွန်တော်ဆရာဝန်** ။ ။ စစ်ထားနိုင်ရင်တော့ ကောင်းပါတယ်။ တီဘီအဖြစ်များတဲ့နိုင်ငံတွေကတော့ လူတိုင်းကို စစ်နေရမယ်ဆိုရင် အကုန်အကျသိပ်များမယ်။ ဆေးဖိုးထက် ဆေးစစ်ခက ပိုပြီးများနေမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ စောစောက သမီးကဲကဲ ရွတ်ပြခဲ့တဲ့ side effect တွေက ရှိတယ်ဆိုပေမယ့် လူတိုင်းကို ဒုက္ခပေးတာတော့ မဟုတ်ပါဘူး။ ရာခိုင်နှုန်း နည်းနည်းလောက်ပဲ ဖြစ်တာပါ။ ဒီတော့ ဆေးပေးနေရင်းနဲ့ ဒီ side effect တွေ ပေါ်လာမလားစောင့်ကြည့်ပြီး လိုအပ်ရင် လိုအပ်သလို စစ်မယ်ဆိုရင်လည်း အကုန်အကျနည်းပြီး အဆင်ပြေနိုင်ပါတယ်။

**မမပိုပို** ။ ။ တကယ်လို့ စစ်ကြည့်မယ်ဆိုရင် ဘာတွေစစ်ရင် ကောင်းမလဲကွယ့်။

**ကျွန်တော်ဆရာဝန်** ။ ။ အသည်းဆိုတော့ အသည်းနဲ့ဆိုင်တဲ့ လုပ်ဆောင်ချက်တွေ (Liver function test)ပေါ့။ နောက် အသည်းရောဂါအခံ ရှိ၊ မရှိ ဘီပိုး၊ စီပိုး၊ HIVပိုးတို့ အပါအဝင်ပေါ့။ ဒါတွေကို သွေးကနေစစ်ရင် ရတယ်လေ။ နောက် အသည်းမှာ အသည်းခြောက်တာ၊ အသည်းရောင်တာ ရှိ၊ မရှိကို Ultrasound နဲ့ စစ်နိုင်သေးတယ်။ နောက် ကျောက်ကပ်ဆိုရင်လည်း ကျောက်ကပ်အတွက် သွေးစစ်တာ၊ ဆီးစစ်တာလုပ်နိုင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

မောင်မောင်မြင့်ဆွေ–စုစည်းသည်



# အေစီမီလန်တို့ နောက်ကျဂိုးဖြင့် သရေပွဲဖြစ် ဂျူဗင်းတပ်စ်တို့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံ

ရောမ ဧပြီ ၂၃

အီတလီစီးရီးအေပွဲစဉ် (၃၃)ကို ဧပြီ ၂၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အေစီမီလန်နှင့် ဘိုလော့နာတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ပြီး အေစီမီလန်တို့ နောက်ကျဂိုးဖြင့် အိမ်ကွင်း၌ တစ်မှတ်သာရရှိခဲ့သည်။ **(အပေါ်ပုံ)**

အေစီမီလန်အသင်းသည် တန်းစီဇယားထိပ်မှ ဂျူဗင်းတပ်စ်ကို ဖိအားပေးနိုင်ရန်အတွက် နိုင်ပွဲရရှိရေးကြိုးစားခဲ့သော်လည်း ဧည့်သည်ဘိုလော့နာမှ ရာမီရက်ဇ်၏ ပွဲချိန် ၂၆ မိနစ်၌ အဖွင့်ဂိုး သွင်းယူမှုကို ခံခဲ့ရသည်။

အေစီမီလန်တို့ ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန် ၈၂ မိနစ်တွင် အေစီမီလန်မှ ဘိုနီရာ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် အေစီမီလန်တို့ ချေပဂိုးမသွင်းနိုင်မီ ၁၀ ဦးတည်း ကစားခဲ့ရသည်။

သို့သော် ပွဲချိန် မိနစ် ၉၀ ၌ အေစီမီလန်တိုက်စစ်မှူး အီဘရာမိုဗစ်က ချေပဂိုးသွင်းယူပေးခဲ့သဖြင့် ကံကောင်းစွာ တစ်ဖက်တစ်ဂိုးဖြင့် သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ အေစီမီလန်တို့ ယခုပွဲသရေကျခဲ့သဖြင့် တန်းစီဇယား၌ ထိပ်ဆုံးမှ ဂျူဗင်းတပ်စ်နှင့် ပွဲတူသုံးမှတ်အကွာဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။

ထို့အတူ ဖီအိုရင်းတီးနားနှင့် အင်တာမီလန်တို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ အင်တာမီလန်တို့ ယခုပွဲသရေကျခဲ့သဖြင့် စီးရီးအေတန်းစီဇယား၌ သတ္တမနေရာတွင်သာ ရပ်တည်နိုင်လျက်ရှိသည်။

ဂျူဗင်းတပ်စ်နှင့် ရိုးမားတို့ပွဲတွင် ဂျူဗင်းတပ်စ်တို့က အိမ်ကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်းတပ်စ်အတွက် ဂိုးများကို ပွဲချိန် လေးမိနစ်နှင့် ရှစ်မိနစ်တို့၌ ဗီဒယ်လ်က တစ်ဦးတည်းနှစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သည်။ ထို့နောက် ၂၉ မိနစ်၌ ပီယာလိုက တစ်ဂိုးသွင်းယူပေးခဲ့သော်လည်း ပွဲချိန် မိနစ် ၃၀ ၌ ရရှိသော ပယ်နယ်တီကို ပီယာလို သွင်းယူခဲ့ရာ ဂိုးမဝင်ခဲ့ချေ။ ဆက်လက်ပြီး ၅၂ မိနစ်၌ မာချီစီရိုက ဂျူဗင်းတပ်စ်အတွက် တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ပွဲအပြီး ဂျူဗင်းတပ်စ်တို့ လေးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ရိုးမားတို့ ချေပဂိုးတစ်ဂိုးမျှမသွင်းနိုင်ဘဲ ပွဲချိန် ၂၇ မိနစ်၌ စတီကီလန်ဘက် အနီကတ်ပြအထုတ်ခံခဲ့ရသဖြင့် ဘောရှုံးလူရှုံးဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

# (၃၂)ကြိမ်မြောက် လန်ဒန်မာရသွန်ပြိုင်ပွဲ ကင်ညာအပြေးသမား ကီပဆန်ဗိုလ်စွဲ

လန်ဒန် ဧပြီ ၂၃

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဧပြီ ၂၂ ရက်က ကျင်းပသည့် (၃၂)ကြိမ်မြောက် လန်ဒန်မာရသွန်အပြေးပြိုင်ပွဲတွင် ကင်ညာမာရသွန်အပြေးသမား ဝီလ်ဆင်ကီပဆန်က ၂ နာရီ ၄ မိနစ် ၄၄ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ကြောင်း ဧပြီ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



ဝီလ်ဆင်ကီပဆန်သည် နောက်ဆုံး ၇ မိုင်ကို ထိပ်ဆုံးမှ ဦးဆောင်ပြေးကာ ပန်းဝင်နိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲတွင် အပြေးမယ် ကီတာနီက ၂ နာရီ ၁၈ မိနစ် ၃၇ စက္ကန့်ဖြင့် ဗိုလ်စွဲရရှိခဲ့ပြီး နာမည်ကြီးမာရသွန်အပြေးသမား ဟယ်လီဆေးမှာ ၂ နာရီ ၂၇ မိနစ် ၄၄ စက္ကန့်ဖြင့် အဆင့် ၁၁ သာရရှိခဲ့သည်။ ကင်ညာအပြေးမယ် မာရီကီတာနီက မိမိသည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ ဆက်လက်ဗိုလ်စွဲနိုင်ရန် လေ့ကျင့်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့အတူ ကင်ညာမာရသွန်အပြေးသမား ဝီလ်ဆင်ကီပဆန်က လန်ဒန်အိုလံပစ်၌ ရွှေတံဆိပ်ရယူမည်ဟု ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

# စပိန်လာလီဂါပွဲစဉ်များ ဆက်လက်ကစား ဗလင်စီယာတို့အိမ်ကွင်း၌ လေးဂိုးသွင်းပြီးနိုင်ပွဲရ



| အခြားပွဲရလဒ်များ | | | | |
|---|---|---|---|---|
| ကရာနာဒါ | ၁ | - | ၀ | ဂီတာဖေး |
| ရေဆင်း | ၀ | - | ၁ | ဘီလ်ဘာအို |
| အက်သလက်တီကို | ၃ | - | ၁ | အက်စ်ပန်းညို |

မက်ဒရစ် ဧပြီ ၂၃

စပိန်လာလီဂါဘောလုံးပွဲစဉ်များကို ဧပြီ ၂၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ရာ ဗလင်စီယာနှင့် ရီးရဲဘက်တစ်တို့ပွဲတွင် ဗလင်စီယာတို့က လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဗလင်စီယာအသင်းသည် အိမ်ကွင်း၌ကစားကွက်အသာစီးဖြင့် ကစားနိုင်ခဲ့ရာ ပွဲအစ ၆ မိနစ်မှာပင် ဂျိုနက်စ်က ဗလင်စီယာအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန်ပြီးသည်အထိ ဗလင်စီယာတို့ ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ **(ဝဲပုံ)**

ဒုတိယပိုင်းပွဲချိန် ၅၈ မိနစ်၌ ရီးရဲဘက်တစ်မှ ဒိုရာဒို ကစားပုံကြမ်းတမ်းသဖြင့် အနီကတ်ပြအထုတ်ခံခဲ့ရသည်။ ၁၀ ဦးတည်းဖြင့် ကစားနေရသော ရီးရဲဘက်တစ်အား ဗလင်စီယာတို့ ဖိကစားခဲ့ရာ ပွဲချိန် ၆၃ မိနစ်၌ ဖီဂူလီက တစ်ဂိုး၊ ၈၆ မိနစ်၌ ဆိုလ်ဒါဒိုကတစ်ဂိုး၊ ၈၈ မိနစ်၌ ပီရာတီကတစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် ပွဲအပြီး ဗလင်စီယာတို့ လေးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

နောက်ထပ်ပွဲစဉ်အဖြစ် ရီးရဲဆိုစီဒက်နှင့် ဗီလာရီးရဲတို့ပွဲတွင် တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ ဗီလာရီးရဲအသင်းအတွက် ၄၂ မိနစ်၌ ဆန်နာက ဂိုးသွင်းပေးခဲ့ပြီး ရီးရဲဆိုစီဒက်အတွက် ချေပဂိုးကို ပွဲချိန် ၈၅ မိနစ်၌ ဗီလာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်

# ဗြိတိသျှအိုးပင်းချန်ပီယံဟောင်း Texas Open ဖလားဆွတ်ခူး

တက္ကဆက် ဧပြီ ၂၃

ဗြိတိသျှအိုးပင်းချန်ပီယံဟောင်း ဘင်ကာတစ်သည် ဧပြီ ၂၂ ရက်က အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ကျင်းပသော Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ **(အောက်ပုံ)**



**အနိုင်ရဗိုလ်စွဲ**

မစ္စတာကာတစ်သည် အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အခြားပြိုင်ဘက်များဖြစ်သည့် Matt Every နှင့် John Huh တို့ကို ကျော်ဖြတ်ပြီး နှစ်ချက်အသာဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့ခြင်းဖြစ်သည်။ ကာတစ်သည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံး US PGA Tour ဖလားကို ဆွတ်ခူးလိုက်ခြင်းလည်းဖြစ်သည်။

၎င်းသည် ၂၀၀၃ ခုနှစ်က British Open ဖလားကို ဆွတ်ခူးခဲ့ဖူးသည်။

**ဆွတ်ခူးခဲ့**

ကာတစ်သည် ဧပြီ ၂၂ ရက်က ကစားခဲ့သည့်နောက်ဆုံးနေ့ ၁၈ ကျင်းပြိုင်ပွဲတွင် ငါးချက်လျှော့ရိုက်ခဲ့သည်။ စုစုပေါင်း လေးရက်ကစားခဲ့ရာတွင် ၂၇၉ ချက်ရိုက်ခဲ့သည်။ စုစုပေါင်း ကိုးချက် လျှော့ရိုက်ခဲ့သည်။

ယခုဆွတ်ခူးခဲ့သည့် Texas Open ဖလားသည် ကာတစ်အတွက် စတုတ္ထမြောက် US PGA Tour ဖလားဖြစ်သည်။ ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သဖြင့် ဆုကြေးငွေအမေရိကန် ဒေါ်လာ ၁ ဒသမ ၁၁ သန်း ရရှိသွားခဲ့သည်။

ယင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံ Brendan Steele သည် ငါးချက်သာလျှော့ရိုက်နိုင်ခဲ့သဖြင့် စတုတ္ထဖြင့်သာ ကျေနပ်ခဲ့ရသည်။ **(အင်တာနက်)**

# ပရီမီယာလိဂ်အကောင်းဆုံးဘောလုံးသမားဆု အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီဆွတ်ခူး



လန်ဒန် ဧပြီ ၂၃

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီသည် ကြေးစားဘောလုံးသမားများအသင်း (ပီအက်ဖ်အေ- PFA)က ချီးမြှင့်သော တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးရရှိသွားခဲ့သည်။

အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူးဗန်ပါစီ **(ယာပုံ)**သည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲပေါင်း ၃၈ ပွဲပါဝင်ကစားပေးခဲ့သည်။ အာဆင်နယ်အတွက် ပြိုင်ပွဲအားလုံးပါဝင်ကစားပေးခဲ့ရာ ၃၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

"တခြားလူတွေကတော့ ပြောကြပါတယ်။ ဒီဆုဟာ တကယ့်ထူးချွန်တဲ့ဆုလို့ ပြောကြပါတယ်။ ဒီလိုဂုဏ်ပြုတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်" လို့ ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းထားသော ဒတ်ချ်နိုင်ငံတကာလက်ရွေးစင်ဘောလုံးသမား ဗန်ပါစီက ပြောသည်။ ဗန်ပါစီသည် ၂၀၀၄ ခုနှစ်က အာဆင်နယ်သို့ရောက်လာကတည်းက ယခုနှစ်သည် အအောင်မြင်ဆုံးနှစ်ဖြစ်သည်။ ၎င်းသည် ကိုယ်တိုင်ဂိုးများသွင်းယူရုံမက ကစားဖော်သီယိုဝေါကော့တ်ကိုလည်း (၁၂) ကြိမ်တိုင် ဂိုးသွင်းနိုင်အောင် ဖန်တီးပေးခဲ့သေးသည်။ ဗန်ပါစီသည် အဆိုပါ PFA အကောင်းဆုံးဘောလုံးသမားဆုကို မန်ယူတိုက်စစ်မှူး ရွှန်နေ၊ စပါးကွင်းလယ်ကစားသမား စကော့ပါကာ၊ မန်စီးတီးတိုက်စစ်မှူး အဂူရိုတို့ကို ကျော်ဖြတ်ပြီး ယခုနှစ်အတွက် ပရီမီယာလိဂ်၏ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



ရုရှားတင်းနစ်မယ် ရှာရာပိုဗာ။

# ရှာရာပိုဗာနှင့် အဇာရင်ကာ စတုဂတ်တင်းနစ်ပြိုင်ပွဲ ဦးဆောင်ကစားမည်

*စတုဂတ် ဧပြီ ၂၃*

*ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဗစ်တိုးရီးယား အဇာရင်ကာနှင့် ကမ္ဘာ့နံပါတ်နှစ် မာရီယာ ရှာရာပိုဗာတို့သည် ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ကျင်းပသော Stuttgart Towrnament တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက်များကို ဦးဆောင်ကစားမည်ဖြစ်သည်။*

*အဆိုပါ တင်းနစ်ပြိုင်ပွဲသည် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၇၄၀၀၀၀ ချီးမြှင့်မည့်ပြိုင်ပွဲဖြစ်သည်။ အသက် ၂၂ နှစ်ရှိ ဘီလာရုစ် တင်းနစ်မယ် အဇာရင်ကာသည် ယခုနှစ်အတွင်း ဂရင်းဆလမ်ဖလားကြီးတစ်လုံးအပါအဝင် ဆုဖလားလေးလုံး ဆွတ်ခူးထားသည်။*

*လွန်ခဲ့သည့် ဧပြီ ၁၉ ရက်က အသက် ၂၅ နှစ်ပြည့်ခဲ့သော ရှာရာပိုဗာသည် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့သော ဩစတြေးလျအိုးပင်းချန်ပီယံဖလားလုပွဲတွင် အဇာရင်ကာကို ရှုံးနိမ့်ပြီး ဖလားလက်လွှတ်ခဲ့ရသည်။ ထို့အပြင် Indiar Wells ပြိုင်ပွဲတွင်လည်း အဇာရင်ကာကို ရှုံးပြီး ဖလားလက်လွှတ်ခဲ့ရသည်။ ရှာရာပိုဗာနှင့် အဇာရင်ကာတို့သည် Stuttgart Tournament ပြိုင်ပွဲတွင် ဦးဆောင်ကစားမည်ဖြစ်သည်။ ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ပြီးခဲ့သည့်နှစ်က ပြင်သစ်အိုးပင်းတွင် အကြိုဗိုလ်လုပွဲအထိသာ တက်ရောက်နိုင်ခဲ့သည်။ ယခုနှစ်တွင် ပြင်သစ်အိုးပင်းဖလားကို ၎င်းအနေဖြင့် ဆွတ်ခူးရန်မျှော်လင့်ထားသည်။ ယင်းပြိုင်ပွဲတွင် တရုတ်မှ ကမ္ဘာ့နံပါတ်ရှစ်အဆင့်ရှိ လီနာလည်း ပါဝင်ကစားမည်ဖြစ်သည်။* **(အင်တာနက်)**

# ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

## မေးခွန်း (၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

**ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၅)ဦးတို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)အရ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၂)ဦးတို့က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က စက်မှုကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **“လူငယ်များအား စက်ရုံ၊ အလုပ်ရုံ အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတွင် စက်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စက်မှုဝန်ကြီးဌာနတွင် စက်မှုဆိုင်ရာနှင့် မော်တော်ယာဉ်ဆိုင်ရာဘာသာရပ်များအတွက် စက်မှုသင်တန်းကျောင်း (၅)ကျောင်းကို ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူနှင့်မကွေးတို့တွင် (၁)နှစ်သင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ သင်တန်းများတွင် အခြေခံပညာအထက်တန်းအဆင့်ရှိသူ အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း လူငယ်များကို လက်ခံသင်ကြားပေးလျက် ရှိပါကြောင်း၊ ထပ်မံ၍လည်း စက်မှုဆိုင်ရာ ဘာသာရပ်အတွက် မြင်းခြံတွင် စက်မှုသင်တန်းကျောင်း (၁)ကျောင်းကို ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

### သင်ကြားပို့ချပေး

ထို့ပြင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်တွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းနှင့် ဘွိုင်လာကိုင်တွယ်သူများသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အခြေခံပညာအထက်တန်းအဆင့်နှင့် စက်မှုလုပ်ငန်းအတွေ့အကြုံရှိသူ အသက် (၅၀)နှစ်အောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တ (၆)ပတ်ဖြစ်ပြီး သင်တန်းအောင်မြင်သူများအနေဖြင့် စက်ရုံအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်သည့်အပြင် သတ်မှတ်အရည်အချင်းပြည့်စုံပါက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်လက်မှတ်ရရှိမည်ဖြစ်ပါကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ နည်းပညာအထက်တန်းကျောင်းများတွင် (၂)နှစ်သင်တန်းကို အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ လူငယ်များတက်ရောက်နိုင်ရန် ဖွင့်လှစ်ထားပြီး အဆိုပါ ကျောင်းများမှ တက်ရောက်အောင်မြင်ပြီး အရည်အချင်းပြည့်မီသူများသည် နည်းပညာဒီပလိုမာ၊ နည်းပညာဘွဲ့ (B.Tech)နှင့် အင်ဂျင်နီယာဘွဲ့ (B.E)တို့ကို အဆင့်ဆင့် ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း၊ အလုပ်သမားဝန်ကြီးဌာနတွင်လည်း လျှပ်စစ်၊ ပိုက်ဆက်၊ ဂဟေနှင့် တွင်ခုံစသည့် ကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ယင်းသင်တန်းများသို့ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ကာ သင်တန်းကာလမှာ ရက်သတ္တ(၄)ပတ်ဖြစ်ပါကြောင်း။

ပြင်ပအဖွဲ့အစည်းများတွင်လည်း ဂဟေဆက်၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးပညာ အထူးကျွမ်းကျင်မှုသင်တန်းများကို အခြေခံစက်မှုကျွမ်းကျင်သူများအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ သင်တန်းကာလမှာ အများဆုံး(၆)လဖြစ်ပြီး အောင်မြင်သူများအနေဖြင့် ဘာသာရပ်ကျွမ်းကျင်မှုအပေါ် မူတည်၍ ပြည်ပအထိ သွားရောက်လုပ်ကိုင်နိုင်သော အခွင့်အရေးများ ရရှိနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးဟန်လင်း၏ **“ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့တွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်ခွဲရှိ ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့တွင် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် အဓိကကုန်ကြမ်းရရှိရေး တိုင်းတာချက်အရ ဂေါ်ရင်ဂျီကျွန်းတွင် ထုံးကျောက်ပမာဏတန်ချိန် (၂၅)သန်းခန့်နှင့် ချောင်းဝတောင်တွင် ထုံးကျောက်ပမာဏ တန်ချိန်သန်း(၅၀)ခန့် ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ဘိလပ်မြေစက်ရုံအတွက် အဓိကကုန်ကြမ်းဖြစ်သော ထုံးကျောက်များရရှိနိုင်သော်လည်း ကျန်ရှိသော သွင်းအားစုများဖြစ်သည့် သံကျောက်၊ ဂေါဒန်ကျောက်၊ လျှပ်စစ်နှင့်စွမ်းအင်တို့ကို အခြားဒေသမှ သယ်ယူပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်အကောင်အထည်ဖော်ရေးသည် နိုင်ငံတော်၏ Industrial Development Plan နှင့် Investment Plan တို့အပေါ် အခြေခံပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို ထိခိုက်မှုမရှိစေရန် စဉ်းစား၍ တစ်ဖက်မှ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါဒေသအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် စက်ရုံတည်ထောင်ရန် အစီအစဉ်မရှိသေးသော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပုဂ္ဂလိကတို့ ပူးပေါင်း၍သော်လည်းကောင်း၊ ပုဂ္ဂလိကမှသော်လည်းကောင်း စက်ရုံတည်ထောင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း။

ဂေါ်ရင်ဂျီကျွန်းနှင့် ချောင်းဝတောင်တို့မှ ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော စက်မှုတွင်းထွက်ကုန်ကြမ်းဖြစ်သည့် ထုံးကျောက်ကို ထုတ်လုပ်ရရှိနိုင်သည့် အခြေအနေရှိပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၎င်းဒေသအတွင်း ဘိလပ်မြေစက်ရုံ အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ရေး စီစဉ်ဆဲဖြစ်ပါကြောင်းနှင့် ယခုအချိန်တွင် ဘိလပ်မြေစက်ရုံအတွက် စွမ်းအင်ရရှိမှုသည် ကန့်သတ်ချက်ရှိနေပါသေးကြောင်းဖြင့် ဖြေကြားသည်။

စာမျက်နှာ ၈ ကော်လံ ၃



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

---

ကျန်းမာရေးသုတ

မောင်ချစ်ကြည် ➤ ရေးသားသည်

## အဝလွန်သည့် လူငယ်ကျောင်းသား ကျောင်းသူများ မှတ်ဉာဏ်လျော့နည်းမှု ဖြစ်နိုင်ဟုဆို

အဝလွန်သည့် လူငယ်များသည် ကျောင်းသင်ခန်းစာများကို လေ့လာကျက်မှတ်ရာတွင် အခြားသူများထက် မှတ်ဉာဏ်လျော့နည်းမှု ဖြစ်စေကြောင်း အမေရိကန်သုတေသနပညာရှင်များက ဧပြီ ၂၃ ရက်၌ ထုတ်ဖော်ပြောကြားသည်။



အဝလွန်သည့် လူငယ်များ၏ ဦးနှောက်နာ့ဗ်ကြောများသည် ပုံမှန်ထက် လှုပ်ရှားမှုနှေးကွေးနေတတ်ပြီး ဦးနှောက်အတွင်းရှိ မှတ်ဉာဏ်ကို ထိန်းသိမ်းပေးသည့် ဆဲလ်များ၏ စွမ်းဆောင်ရည်ကိုလည်း ကျဆင်းစေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

အဝလွန်သည့် လူငယ်ကျောင်းသား ကျောင်းသူ ၅၀၀၀ ခန့်အား ရှစ်နှစ်ကြာ သုတေသနပြုခဲ့ရာ သာမန်ကျောင်းသားကျောင်းသူများထက် ကျောင်းသင်ခန်းစာများ လေ့လာရာတွင် မှတ်ဉာဏ်စွမ်းအား ၆၀ ရာခိုင်နှုန်းကျဆင်းနေသည်ကို တွေ့ရှိခဲ့ရကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

စာမျက်နှာ ၆ ကော်လံ ၅

---

## အင်္ဂါဂြိုဟ်အနီး အာကာသသုတေသနစခန်း တည်ဆောက်မည်

ကိုသစ္စာ ➤ ရေးသားသည်



အင်္ဂါဂြိုဟ်အနီးတွင် နိုင်ငံတကာ အာကာသသုတေသနစခန်းတစ်ခု တည်ဆောက်ရန်အတွက် ဥရောပအာကာသ အေဂျင်စီနှင့် နာဆာတို့က စီစဉ်နေကြောင်း ဧပြီ ၂၃ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

အင်္ဂါဂြိုဟ်အပါအဝင် အခြားဂြိုဟ်နှင့် ကြယ်တာရာများအား အနီးကပ် လေ့လာသုတေသနပြုနိုင်ရန်အပြင် လမျက်နှာပြင်အနေအထားကို စနစ်တကျလေ့လာနိုင်ရန်နှင့် နိုင်ငံတကာမှ အာကာသယာဉ်မှူးများအတွက် သုတေသနစခန်း တည်ဆောက်ပေးရန် စီစဉ်နေခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်နှင့် လမျက်နှာပြင်များကိုလေ့လာရန် စေလွှတ်ထားသည့် အာကာသလေ့လာရေးယာဉ်ငယ်များကို အဆိုပါအာကာသသုတေသနစခန်းမှနေ၍ အာကာသယာဉ်မှူးများက အနီးကပ်ထိန်းချုပ်နိုင်မည်ဖြစ်သည်။

ယင်းအာကာသသုတေသနစခန်းကို ဥရောပအာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များနှင့် နာဆာမှ အာကာသသိပ္ပံပညာရှင်များ ပူးပေါင်းတည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**